# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁)ရက် ၊ တနင်္လာနေ့ ၊ (6-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



အဘိဓမ္မမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးဖြစ်သည့် ထိုင်းနိုင်ငံမှ ဆရာတော် Somdet Phramahathirachan ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရတို့အမှူးပြုသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်တော်ရော်အပူဇော်ခံတော်မူကြမည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ⇒




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၆ ရက်
အယ်ဒီတာ့အာဘော်

# စွန့်ပစ်ပစ္စည်း စနစ်တကျစီမံခန့်ခွဲမှုကျင့်သုံး

မြို့ပြများနှင့်ကျေးလက်ဒေသများတွင် စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့တိုက်ရိုက်စွန့်ပစ်ခြင်း၊ စက်မှုလုပ်ငန်းများမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲမှုမပြုလုပ်ဘဲ ရေထု၊ မြေထုအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်း၊ ဘေးအန္တရာယ်ရှိ ဓာတုစွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲမှုမရှိခြင်းတို့ကြောင့် လူတို့၏ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်ဖြစ်စေနိုင်ပေသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် အသက်ဆုံးရှုံးနေကြရသည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် စွန့်ပစ်ပစ္စည်းပမာဏတန်ချိန် ၁၁ ဒသမ ၂ ဘီလီယံခန့် စွန့်ပစ်နေကြပြီး ၎င်းထဲမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန် ရှစ်သန်းခန့်သည် နှစ်စဉ် ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိကာ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် လူသားများအသုံးပြုနေသည့် ဓာတုပစ္စည်းများနှင့်ဖြပ်ပေါင်းအမျိုးအစား စုစုပေါင်း တစ်သိန်းကျော်ရှိပြီး ဓာတုပစ္စည်းအသုံးပြုမှုများကို စနစ်တကျစီမံဆောင်ရွက်နိုင်မှုမရှိပါက ပတ်ဝန်းကျင်နှင့်လူသားများ၏ကျန်းမာရေးကို ဆိုးရွားစေသောကြောင့် အထူးဂရုပြုစီမံဆောင်ရွက်ရန်လိုပေသည်။

ယနေ့ကမ္ဘာတွင် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ၂၀၂၂ ခုနှစ် မတ်လက ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာညီလာခံ ဒုတိယပိုင်း (UNEA 5-2)တွင် ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးအတွက် ကဏ္ဍစုံပေါင်းစပ်ပြီး အစီအမံများ ချမှတ်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရန် လိုပေသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး လိုက်ပါဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်သည်။

အဆိုပါညစ်ညမ်းမှုများကို တားဆီးကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲမှုမှာ အရေးကြီးလှပေသည်။ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထုတ်ပြန်ထားပြီးဖြစ်သည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းများနှင့်အညီ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေကြသည့် စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများအနေဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စွန့်ပစ်ပစ္စည်းများ စနစ်တကျရှိစေရေး စီမံခန့်ခွဲမှုသည် နိုင်ငံသူ၊ နိုင်ငံသားများ၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းမှစ၍ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နိုင်ငံအဆင့်ထိ ထိရောက်ကောင်းမွန်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲမှု ကျင့်သုံးအကောင်အထည်ဖော်နိုင်မှသာ လက်ရှိကြုံတွေ့နေရသော စွန့်ပစ်ပစ္စည်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# တပေါင်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး မတ် ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တပေါင်းလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသက လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တပေါင်းလပြည့်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ် အရပ်ရပ်က ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုန့်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ တပေါင်းလပြည့် ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ နယ်စုံဒေသက လာရောက်ဖူးမြော်သူတွေ၊ မြို့ပေါ်က လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်န်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေလဲ များပြားပါတယ်။ ငါးကန်၊လိပ်ကန်တွေကိုသွားပြီး ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့လဲ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်း ရောင်းချတဲ့ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၈၀၁၀၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ရွှေကျော်မြတ်စေတီတော်၊ ဝဝရော စနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ်အေးနေ

**မန္တလေး မတ် ၅**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ အတက်အကျရှိသောကြောင့် ဈေးနှုန်းများ တည်ငြိမ်မှုမရှိဘဲ အရောင်းအဝယ်အေးနေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းများမှာ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇ သိန်းပတ်လည်တွင်ရှိပြီး ကမ္ဘာ့ရွှေဈေးနှုန်း အတက်ဘက်သို့ပြန်လည်ရောက်ရှိသဖြင့် ပြည်တွင်းရွှေဈေးများ ပြန်လည်ကျဆင်းလာနိုင်မည့် အခြေအနေမရှိကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ မြန်မာ့ရွှေကော ကမ္ဘာ့ရွှေပါ ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ အလုပ်အတက်တွေ များခဲ့တယ်။ အခုနောက်ပိုင်း ပြည်တွင်းရွှေဈေးက ပြန်ကျလာဖို့ မမြင်တော့ဘူး။ လက်ရှိအရောင်းအဝယ်ပိုင်းမှာ ပြန်အေးသွားတယ်" ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၁ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၄၄ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၀၄ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၈၅၅ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မတ် ၄ ရက်က ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၅၆ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၈၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၅၆ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၅၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

# တပေါင်းလပြည့်နေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ ခရီးသွားဦးရေ ၇၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ တပေါင်းလပြည့်နေ့(ယနေ့)တွင် ခရီးသွားဦးရေ ၇၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့်အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယနေ့ကျရောက်သည့် တပေါင်းလပြည့်နေ့တွင် ခရီးသွားများ လာရောက်လည်ပတ်မှု များပြားခဲ့ကြောင်း သိရသည်။

"တပေါင်းလပြည့်နေ့မှာ ခရီးသွားတွေ တောင်သမန်တံတားနဲ့ အင်းကို အနားယူ အပန်းဖြေရင်း လာရောက်လည်ပတ်မှုက တော်တော်လေး များခဲ့တယ်။ အခုက တပေါင်းလပြည့်နေ့လဲဖြစ်၊ကျောင်းပိတ်ရက်ကာလလဲဖြစ်တာကြောင့် ခရီးသွားလာရောက်လည်ပတ်မှု တော်တော်လေး များပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ဖေဖော်ဝါရီလအတွင်းက တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်သာ ရှိခဲ့သော်လည်း ယနေ့တွင် တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေ ၇၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန်ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပညာအကျင့်

## ချစ်နိုင်(စိတ်ပညာ)

**မေးပါ**

အခွင့်သာလျှင် မေးသာမေးပါဟု စာရေးသူက အကြံပြုပါရစေ။ အဘယ်ကြောင့်ဆိုသော် မမေးပါက အသိနောက်ကျ၏။ သင်ခန်းစာရခဲ့ပါ၏။

တက္ကသိုလ်မတက်ခင်က စိတ်ပညာဆိုသော ဘာသာရပ်မှာ ဤကဲ့သို့သော ဘာသာရပ်မျိုးများ ပါဝင်နေကြသည်ဟု ကြိုကြိုတင်တင် မသိမြင်ခဲ့ပါလေ။ လေ့မှမလေ့လာဘဲကိုး။ အထက်တန်းကျောင်းသားဘဝ၊ စာသင်ခန်းထဲက စာများထက် တက္ကသိုလ်ဘုန်းနိုင်ရေးသောဝတ္ထုများ တစ်အုပ်ပြီးတစ်အုပ်ဖတ်ပြီး စိတ်ပညာပါမောက္ခ၊ တက္ကသိုလ်ဒိသာပါမောက္ခ ဆရာကြီးတစ်ယောက်၏ ဖန်တီးမှုအနုပညာဝတ္ထုရှည်ထဲက ဇာတ်လိုက်၊ ဇာတ်ကောင်များကို အားကျအတုယူကာ ပညာတတ် လူယဉ်ကျေးသိမ်မွေ့ထက်မြက်သူဖြစ်ရမည်ပဲ စိတ်ကူးနှင့်ရှူးနေသည်။ စိတ်ပညာဆိုသည်က အဘိဓမ္မာထဲက ပဋ္ဌာန်းဒေသနာတရားတော်လိုဟာတွေလည်း ပါမှာပဲဟု ထင်မှတ်ထားခဲ့သည်။ ရေရေရာရာသိတာလည်းမဟုတ်ဘဲနှင့်။

မေးလည်းမည်သူ့ကိုမှ မမေးမိဘဲကိုး။ လေ့လည်းမလေ့လာခဲ့။ တက္ကသိုလ်ပရဝဏ်ထဲ ခြေချမိမှ တအံ့တသြသိရတော့ မိမိကိုယ်ကို ရယ်စရာလှောင်စရာကောင်းအောင် ညံ့မှန်းသတိပြုမိတော့၏။ ကြည့်ပါဦး။ စိတ်ပညာဆိုသော ပန်းခြင်းတောင်းကြီးထဲမှာ ဖူးပွင့်ဝေဆာပန်းမျိုးစုံဝေဆာပုံများ-

၁။ **အထွေထွေစိတ်ပညာ**
၂။ **ကလေးစိတ်ပညာ**
၃။ **ဖွံ့ဖြိုးမှုစိတ်ပညာ**
၄။ **ပညာရေးစိတ်ပညာ**
၅။ **စိတ်ပိုင်းဆိုင်ရာစမ်းဆေးဖြင်းစိတ်ပညာ**
၆။ **စိတ်ရောဂါပညာ**
၇။ **ခံလွဲစိတ်ပညာ**
၈။ **ကုစန်းစိတ်ပညာ**
၉။ **ဆက်ဆံရေးစိတ်ပညာ**
၁၀။ **စိတ်ပညာသုတေသန**
၁၁။ **ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေး**
၁၂။ **အကြံပေးစိတ်ပညာ**
၁၃။ **စာရင်းအင်းပညာနှင့် စိတ်ပညာ**
၁၄။ **ဇော်မှုစိတ်ပညာ**
၁၅။ **ဆက်ဆံရေးစိတ်ပညာ**
၁၆။ **အာကာသစိတ်ပညာ။**

စသည့်အပြင် စိတ်ခွဲပညာအမြင်နှင့် အပြုအမူစိတ်ပညာအမြင်၊ ဂေးရှ်တာ့လ်စိတ်ပညာအမြင် စသော ဂိုဏ်းမတူသော အယူအဆကွဲကြသည့်လေ့လာချဉ်းကပ်နည်း ကျောင်းကြီးများကလည်း မတူကြသဖြင့် ရှုထောင့်စုံအောင်၊ ခေတ်မီအောင် သုတေသနနှင့်လေ့လာဆည်းပူးမှုအမြင်မပြတ်ပြုရန် လိုပေသည်ဟု ဆိုနေ၏။ ဒဿနိကဗေဒက ရွေးကျ၍ အိုဟောင်းလှသကဲ့သို့ စိတ်ပညာဘာသာရပ်က သစ်လွင်နုပျို၍ ရှေ့ဆက်လေ့လာဖွံ့ဖြိုးနေဆဲဆိုပဲ။ အလိုလေး။

**ယော်ဘဝ**

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်တော့ မိမိဘဝ၏ အလှည့်အပြောင်းတစ်ကွေ့တော့ တွေ့ရပြီဟု သတိထားမိပါ၏။ ဆယ်တန်းပထမနှစ်မှာ ဝတ္ထုဖတ်လိုက်၊ ကဗျာစပ်လိုက်နှင့်သာ စိတ်ကူးယဉ်နယ်ပယ်ထဲလွင့်မြောနေမိပြီး ကျောင်းသင်ခန်းစာကို သာမန်ပါပဲဟု ပစ်ထားခဲ့၏။ ကျောင်းသားဘဝ တစ်ကြိမ်တစ်ခါမှ စာမေးပွဲမကျဖူးသဖြင့် စာမေးပွဲဆိုတာ စာမကြိုးစားပါက ကျရှုံးတတ်သည်ဆိုတာကို မစဉ်းစားမိ။ အူတူတူအတတနှင့် ဆယ်တန်းစာမေးပွဲ ဗုန်းခနဲကျလိုက်သည့်အခါတွင်မှ လူးလဲပြီး လန့်သွား၏။ ဒီနှစ်ဆက်ရှုံးလို့ ကျောင်းထွက်ရလျှင်တော့ ဟိုက်စကူးဖိုင်နယ်အောင် လက်မှတ်ဖြင့် အောက်တန်းစာရေးနှင့် မူလတန်းပြဆရာဘဝသာ အရိုးထုတ်ရမည့်ဘဝ။ မျက်လုံးပြူးသွား၏။

တက္ကသိုလ်ဝင်တန်းစာမေးပွဲလေးတော့ ဒီဘဝအောင်အောင်ဖြေမှဖြစ်မည်။ ဒီရထားက နောက်ဆုံးရထားပဲ။ ဒီတွဲက နောက်ဆုံးတွဲပဲ။ ဘဝတစ်သက်တာချောက်ထဲကျင်းထဲ အလုပ်ကြမ်းသမားဘဝနှင့်သာ ရုန်းနေမည့်အစား ဒီတစ်နှစ်ပဲ ရတော့တဲ့အခွင့်အရေးလေး ရုန်းကန်လေမှပဲဟု ကြောက်လန့်စိတ်ဖြင့် စာကြိုးစားလိုက်ပါ၏။ စာမေးပွဲဖြေပြီးသည်နှင့် ဒီတစ်ချီတော့ အောင်ပါပြီဟု သိနေပါ၏။ အမှတ်ပေါင်းအကောင်းကြီးမဟုတ်လှသော်လည်း မိမိရွေးချယ်လျှောက်ထားသော မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် စိတ်ပညာဘာသာရပ်တော့ သင်ခွင့်ရလေပြီ။ ဝင်ခွင့်ရသူစာရင်းထဲမှာ မိမိခုံအမှတ်ပါလာပြီ။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ဌာနမှူးအဖြစ်စတင်ဦးဆောင်သန္ဓေတည်ပြီး တည်ထောင်ဖွင့်လှစ်သော မန္တလေးတက္ကသိုလ် စိတ်ပညာဌာန၊ မိမိလိုလိုချင်ချင်လျှောက်ထား၍ ရလာသောဘာသာရပ်။ အထက်တန်းကျောင်းသားဘဝကတည်းက မိုးညအိပ်မက်မြူ၊ မုန်းရစ်လေဦး၊ ဤမြေမှသည်၊ စိမ်းနေဦးမည့် ကျွန်တော့်မြေ၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ မောင့်ဘဝညအလားကွယ်၊ ချစ်သောဤကမ္ဘာ၊ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် ထွက်သမျှဝတ္ထုတိုင်းကို ခံစားစွဲမက်စွာ အရှူးအမူးကြိုက်ခဲ့ရသော စာရေးဆရာ၏ ပညာရိပ်မှာငါတော့ခိုခွင့်ရပေပြီကော။ တော်တော်ပျော်ပါ၏။

မိဘက ရှိရှိသမျှ လက်ကောက်လက်စွပ်ကလေးများကို ထုခွဲရောင်းချပြီး သားကြီးကို တက္ကသိုလ်ပို့ပေးခဲ့ရခြင်း မဟုတ်လော။ မိဘက ကျောင်းဆရာ။

အမေ့နားတောင်းလေးကော၊ အဖေ့လက်ပတ်နာရီမကျန် ရောင်းချပေါင်နှံစရာမကျန်အောင် ထုခွဲပြီး သားမောင်ကို ပညာသင်စေခြင်းကို မိမိကောင်းစွာ ခံစားနားလည်နိုင်သည်။ ပညာကိုလိုလားသဖြင့် သင်ကြားသမျှ စိတ်ဝင်တစား ဆည်းပူးသင်ယူခဲ့ပါ၏။ ရည်းစားလည်းမရှိ၊ အပျော်အပါးလည်းမရှိ၊ နိုင်ငံရေးရှုပ်ရှုပ်ထွေးထွေးများလည်း ဝေးဝေးရှောင်ကွင်းခဲ့သည်။ ဘေးကသွေးထိုး လှုံ့ဆော်ပေးခြင်းများကို မယုံကြည်။

**တက္ကသိုလ်ကာလ**

မန္တလေးမြို့ထဲက တစ်ခါတစ်ရံအငြိမ့်ပွဲများကို သူငယ်ချင်းများနှင့်သွားကြည့်။ ဒါလောက်သာရှိ၏။ မိမိတို့ တောလက်ကျေးရွာ အိမ်ခြေနှစ်ရာလောက်မှ တက္ကသိုလ်ထိတက်ပြီး ဘွဲ့ရသူဆို၍ (၁၉၆၅-၁၉၆၆) ထိုအချိန်ကာလ၌ လက်ချိုးရေ၍ရပါ၏။ ကိုလှသန်း၊ ကိုလှကြည်၊ ကိုကြီးမြင့်(ခ)ကိုကြင်ခဲနှင့်ကိုကြည်မောင်။ လက်ငါးချောင်းပင်မပြည့်။ နောင်သောအခါ ထိုပုဂ္ဂိုလ်များသည် ပညာရေးမှူး၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး၊ ကုန်သွယ်ရေးမန်နေဂျာ၊ မြို့ပိုင်စသည်တို့ဖြစ်သွားကြသည်။ (မှတ်မှတ်ရရ မိမိတို့ရွယ်တူတွေရောက်မှ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ် တက္ကသိုလ်အမျိုးမျိုးမှ ဘွဲ့များအသီးသီးရခဲ့ကြသည့်အပြင် ဂျပန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နော်ဝေနိုင်ငံ စသည်ဖြင့် နိုင်ငံခြားပညာသင်သွားရောက်နိုင်ခဲ့ကြပါ၏။) ကိုယ်သင်ယူသည့်ဘာသာရပ်ကို တစ်ဖက်ကမ်းခပ်တတ်မြောက်အောင် ကြိုးစားရမည်ဟု ဆင်းရဲသားတောရွာလေးမှ တောသားလေးက သဘောပေါက်ခဲ့၏။ ထမင်းနပ်မမှန်ချင်နေ သင်ခန်းစာကိုတော့ တတ်မြောက်အောင် လေ့ကျင့်လိုက်နာဆည်းပူးခဲ့ပါ၏။

အထက်တန်းကျောင်းနှင့် တက္ကသိုလ်က သဘောသဘာဝအတော်ကြီး ကွာဝေးကွဲပြားလှ၏။ ကလေးဘဝနှင့် လူကြီးဘဝဟု ဆိုရမည်။ အထက်တန်းကျောင်းက ဆရာ၊ ဆရာမ သင်ပြသည်က အဓိက။ မိမိက စာကျက်ပြီး ဖြေရုံသာ။ သဘောပေါက်လျှင်တော့ ပိုကောင်းတာပေါ့။ မပါလည်းရှိစေ၊ ဖြေနိုင်လျှင်အောင်။ တက္ကသိုလ်မှာတော့ ကထိက၊ သရုပ်ပြ၊ နည်းပြ ဆရာ၊ ဆရာမတို့က တပည့်များကို အရိပ်မျှသာပြနိုင်သည်။ သင်ကြားပို့ချချိန်မှာ နားလည်အောင် သင်ခန်းစာကို မိမိကကြိုတင်လေ့လာဖတ်ရှုခဲ့ရမည်။ ပြီးလျှင်တက္ကသိုလ်စာကြည့်တိုက်၊ ဌာနစာကြည့်တိုက်တို့မှ ဘာသာရပ်ဆိုင်ရာ၊ သင်ခန်းစာဆိုင်ရာ စာအုပ်၊ စာတမ်းများကို ရှာဖွေငှားယူ၍ မိမိဘာသာအချိန်ယူလေ့လာဖတ်ရှုရပေမည်။

စာဖတ်ဖို့ရာမပျင်းသော မိမိအတွက်စာကြည့်တိုက်များသည် ပျော်ရွှင်ဖွယ်ရာ ဗိမာန်ကြီးများပေတည်း။ ငယ်စဉ်ကလို အိမ်စာမလုပ်သဖြင့်လည်း ဆရာက မရိုက်။ စာမကျက်သဖြင့်လည်း ဆရာမကမဆူ။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားကို တက္ကသိုလ်ဆရာ၊ ဆရာမများက လူကြီးလူကောင်းအဖြစ် သဘောထားလျက် ဆက်ဆံသည်။ ဆူခြင်း၊ မာန်ခြင်းမပြုကြ။

တက္ကသိုလ်ဆိုသည်မှာ မိမိခြေထောက်ပေါ် မိမိရပ်တည်ပြီး တက္ကသိုလ်ကျောင်းတော်သားပီသအောင် ကိုယ့်ကိုယ်ကိုယ် နှိုးဆော်ပြီး ထက်သန်တက်ကြွစွာ ပညာရှာမှီးရမည်ဖြစ်၏။ စာကြည့်တိုက်ကို မပျက်မကွက်အသုံးချရမည်။ ဌာနစာကြည့်တိုက်တွင်ရှိသော စာအုပ်ကောင်းများကို မွှေနှောက်ဖတ်ရှုရပေမည်။ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲများမှာ ပါဝင်လှုပ်ရှားရပါမည်။

**မကြာလှပါ**

တက္ကသိုလ်ဘဝ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်ဆိုသည်မှာ ဘာမှမကြာလိုက်ပါ။ သို့ရာတွင် မိဘနှင့် (အခြေခံပညာ)ဆရာ၊ ဆရာမ ထီးရိပ်အောက်မှ လောကသမုဒ်ပြင် စွန့်စားခန်းခရီးကြမ်းအတွက် စောင်းတန်းသဖွယ် အရိပ်ခိုရသော အမိတက္ကသိုလ်ထံမှ ပညာသင်ချိန်လေးတွင် အချိန်ကိုပညာရေးအတွက် ထိထိရောက်ရောက် လေးလေးစားစားအသုံးချရမည်။

မိမိတို့ တက္ကသိုလ်ကျောင်းသားဘဝအချိန်က လူရည်ချွန်ရွေးပြီး ငပလီ၊ အင်းလေး စသည်တို့ စေလွှတ်ပေးသော ချီးမြှောက်ခြင်းမျိုးရှိခဲ့ပါ၏။ မိမိမပါဖူးပါ။ ထူးချွန်သော ကျောင်းသားတော့ မဟုတ်လှပေ။ ပညာလိုလား စာကြိုးစားသော ကျောင်းသားတစ်ဦးလောက်တော့ မှန်သည်။ အနုပညာပန်းချီ၊ ဂီတ ဘာမှမဖြစ်မြောက်။ ဘောလုံး၊ ဘော်လီဘော ဘာမှမကျွမ်းကျင်။ နိုင်ငံရေးလည်းဝါသနာမပါ။

မမေးလျှင်မသိ။ မကြည့်လျှင်မမြင်။ မသင်ယူလျှင် နားမရှင်း။ ဖတ်ရှုလေ့လာ၊ စူးစမ်းမေးမြန်း၊ ဆင်ခြင်သုံးသပ်ပါမှ အသိပညာ၊ အတတ်ပညာ တိုးတက်ဖွံ့ဖြိုးပါသည်။ ကျောင်းသားဘဝမှ ထွက်ခွာကြရမည်။

တက္ကသိုလ်ပညာရေးမှာ သင်ယူနေကြသော မောင်မယ်များသည် အနာဂတ်ခေတ်သစ်ကိုတောက်ပပြောင်လက်တိုးတက်အောင်မြင်အောင် အမှန်တကယ် စွမ်းဆောင်နိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်မောင်မယ်လေးများဖြစ်ကြသည်။ အားကစား၊ အနုပညာ၊ ပေါင်းသင်းဆက်ဆံရေး၊ မိမိသင်ယူနေသည့် ပညာရပ်၊ ဘာသာရပ်၊ သင်ခန်းစာများကို စိတ်နှစ်၍ ကျွမ်းကျင်စွာ တတ်မြောက်အောင် ဣဒ္ဓိပါဒ် လေးပါးနှင့် ကြိုးစားကြစေလိုပါ၏။

၁။ **ဆန္ဒဣဒ္ဓိပါဒ်**
၂။ **စိတ္တဣဒ္ဓိပါဒ်**
၃။ **ဝီရိယဣဒ္ဓိပါဒ်**
၄။ **ပညာဣဒ္ဓိပါဒ်**

အဓိပတိတရားလေးပါးမှာမူ ပညာထက်ပိုပြီး တိကျအသေးစိတ်တတ်မြောက်ကျွမ်းကျင်မှု သဘောဖြစ်ပုံရသော Professional Skill = ဝိမံသာဓိပတိ ဟု ဖော်ပြထားပေသည်။ အချိန်ရော ငွေရောပေးရသော အရင်းအနှီးကြီးမားလှသဖြင့် အမြတ်များအောင် တစ်ဦးချင်းက အသိကိုယ်စီဖြင့် လုံ့လပြုကြရန် တိုက်တွန်းချင်သည်။ တက္က = ပညာ။ သီလ= အကျင့် ဟူ၍ဖြစ်သည်။

ပညာလည်းမြင့်၊ အကျင့်လည်းကောင်းသော တက္ကသိုလ်ကျောင်းဆင်းပုဂ္ဂိုလ်များ ဂုဏ်သိက္ခာကြီးမားကြပါစေ။ စာဖတ်သူက စာရေးသူကို ဤဆောင်းပါးက ဘာကိုရေးချင်တာပါလဲဟု အကယ်၍မေးသည်ဆိုပါစို့။ စိတ်ထဲရှိရာ ရေးမိပါသည်ဟုပဲ ဝန်ခံပါရစေ။

ဆရာတော်အရှင်နန္ဒမာလာဘိဝံသ(ပါချုပ်ဆရာတော်ကြီး)ဟောကြားတော်မူသော **"ရှင်ရာဟုလာ၏ ဘဝနှင့်မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်"**ကို လက်ကိုင်ဖုန်းယူကျူမှ နှစ်ကြိမ်နာခဲ့ပြီး ဆရာညီညီ(စိတ်ပညာ)၏ **"ကျွန်တော်နှင့်ကလေးများ"** အမည်ရှိ (၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမအကြိမ်) စာအုပ်လေးဖတ်မိခဲ့ရာမှ စာများများဖတ်သော လူငယ်များ၊ အဆုံးအမတရားနာယူသော သားသမီးများ လမ်းကြောင်းဖြောင့်ဖြူးကြပါတကားဟု ခံစားရေးသားခြင်းပါတည်း။

❖ မမေးလျှင်မသိ။ မကြည့်လျှင်မမြင်။ မသင်ယူလျှင် နားမရှင်း။ ဖတ်ရှုလေ့လာ၊ စူးစမ်းမေးမြန်း၊ ဆင်ခြင်သုံးသပ်ပါမှ အသိပညာ၊ အတတ်ပညာ တိုးတက်ဖွံ့ဖြိုးပါသည်။ ကျောင်းသားဘဝမှ ထွက်ခွာကြရမည်။ တက္ကသိုလ်ပညာရေးမှာ သင်ယူနေကြသော မောင်မယ်များသည် အနာဂတ်ခေတ်သစ်ကို တောက်ပပြောင်လက်တိုးတက်အောင်မြင်အောင် အမှန်တကယ် စွမ်းဆောင်နိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်မောင်မယ်လေးများဖြစ်ကြသည်။ အားကစား၊ အနုပညာ၊ ပေါင်းသင်းဆက်ဆံရေး၊ မိမိသင်ယူနေသည့် ပညာရပ်၊ ဘာသာရပ်၊ သင်ခန်းစာများကို စိတ်နှစ်၍ ကျွမ်းကျင်စွာ တတ်မြောက်အောင် ဣဒ္ဓိပါဒ်လေးပါးနှင့် ကြိုးစားကြစေလိုပါ၏။ ❖

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## လူ့တန်ဖိုး

\- စိမ်းစိုသင်းထုံ သားမျိုးစုံသည့်
ရဂုံသာမော ပင်ပျိုတော၌
ပျော်ပိုက်ကျက်စား သမင်များသည်
နီလာပတ္တမြား တွေ့ရှိငြားလည်း
ကြီးမားတန်ဖိုး မြတ်နိုးမရှိ
အသိနည်းပါး မြက်ကိုစား၍
ပျော်ပါးလျှင်လျှင် တောသို့ဝင်၏။

\- မနုဿတ္တ ဒုလ္လဘမို့
ရခဲပေစွ ထိုခဏဝယ်
လောကအကျိုး လူ့တန်ဖိုးကို
မြတ်နိုးမရှိ အသိလွဲမှား
လူမိုက်များသည်
ခံစားပျော်ကြ ကိလေသနှင့်
ဘဝတကျော အဝိဇ္ဇာမှောင်
ပိတ်ကာလှောင်သို့ ရှောင်ပြေးမရ
ပါယ်လေးဝသို့ ဆင်းကြကုန်လေ၏။

\- လူဖြစ်လာရ ဤလောကဝယ်
ဘဝသမိုင်း မရိုင်းစေရန်
ဟိတ်မာန်ကိုချ ဒေါသကိုပယ်
မေတ္တာလွှယ်၍ ကျင့်ဖွယ်သီလ
မြတ်စာဂနှင့်
လောကကောင်းကျိုးသယ်ပိုးမှ
လူဖြစ်ရကျိုးနပ်မည်ပါ့။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၂၂ သိန်းကျော် လာရောက်ဖူးမြော်ခဲ့

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပဘုရားဖူးဦးရေ ၂၂ သိန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးများ ဝင်ရောက်ထားမှုမှာ တနင်္လာနေ့မှ သောကြာနေ့ထိ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၃၅၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိပြီး စနေ၊ တနင်္ဂနွေကဲ့သို့သော အစိုးရရုံးပိတ်ရက်များနှင့် အများပြည်သူ အားလပ်ရက်များတွင် ပြည်တွင်း၊ ပြည်ပဘုရားဖူးဦးရေ တစ်ရက်လျှင် ဦးရေ ၁၅၀၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်းသိရသည်။

"ရွှေတိဂုံစေတီတော်ကို ဘုရားဖူးဝင်ရောက်မှုကတော့ မနှစ်က တစ်နှစ်ပတ်လုံးမှာ ဘုရားဖူးဦးရေ ၂၅ သန်း လာရောက်ဖူးမြော်ခဲ့ပါတယ်။ ဒီနှစ်မှာ ဖေဖော်ဝါရီလ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၂၂ သိန်းကျော်ထိ လာရောက်ဖူးမြော်ခဲ့ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ရွှေတိဂုံစေတီတော်ကြီးသို့ ဖေဖော်ဝါရီလအတွင်း ပြည်ပမှ လာရောက် ဖူးမြော်ကြည်ညိုမှုမှာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများအနက် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့က အများဆုံးလာရောက်လျက်ရှိပြီး ဥရောပနိုင်ငံများက လာရောက်မှုနည်းပါးကြောင်း၊ ရွှေတိဂုံစေတီတော်ကို ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နံနက် ၅ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း ၎င်းက ပြောပြ၍ သိရသည်။ ASH



# ဒေးဒရဲမြို့နယ် တိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် တိုးကျေးရွာအုပ်စု တိုးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း မှာကြားခဲ့သည်။

တိုးကျေးရွာ၌ လမ်းအရှည် ၁၄၇၈ ပေ၊ အကျယ် ၆ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးသဖြင့် တိုးကျေးရွာရှိ အိမ်ခြေ ၅၁၉အိမ်၊ လူဦးရေ ၂၀၈၀ တို့ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ခံ ဦးစောဝင်းကိုကိုက ပြောပြ၍ သိရသည်။

**သန်းသန်းရီ**

# ဟိုပုန်းမြို့နယ် စံပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက စံပူးကျေးရွာအုပ်စု စံပူးကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စံပူးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**

# နိုင်ငံတကာ သတင်းများ

# ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို တရုတ်အစိုးရ ငါးရာခိုင်နှုန်းထိ သတ်မှတ်



**ပေကျင်း မတ် ၅**

ယခုနှစ် တရုတ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို တရုတ်အစိုးရက ငါးရာခိုင်နှုန်းခန့်ထိ ရည်မှန်း သတ်မှတ်ထားကြောင်း အေပီ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသတ်မှတ်ချက်ကို တရုတ်ဝန်ကြီးချုပ် လီကားချန်က ယနေ့တွင် စတင်ကျင်းပခဲ့သော တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ညီလာခံ၌ ကြေညာခဲ့ခြင်းဖြစ်သည်။

အမျိုးသားပြည်သူ့ကွန်ဂရက် ညီလာခံမိန့်ခွန်းတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုရှိရန် လိုအပ်ပုံကို အလေးအနက် ထည့်သွင်း ပြောကြားခဲ့သည်။

ထို့ပြင် ယခုနှစ်အတွင်း မြို့ပြအလုပ်အကိုင်နေရာ ၁၂ သန်းခန့်ထိ ဖန်တီးပေးနိုင်ရန် စီမံကိန်းရေးဆွဲထားကြောင်း အမျိုးသားပြည်သူ့ကွန်ဂရက် မိန့်ခွန်း၌ ဝန်ကြီးချုပ်လီကားချန်က ကြေညာခဲ့သည်။

ကမ္ဘာ့ဒုတိယမြောက်စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ပြီးခဲ့သည့်နှစ်အတွင်း သုံးရာခိုင်နှုန်းထိသာရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလုံးဝတင်းစင်းရေးမူဝါဒရုပ်သိမ်းခဲ့ပြီးနောက် ယခုနှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို တရုတ်အစိုးရက ငါးရာခိုင်နှုန်းထိ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# တရုတ်(ထိုင်ပေ)နှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရန် တရုတ်ဝန်ကြီးချုပ် ကတိပြု

**ပေကျင်း မတ် ၅**

တရုတ်(ထိုင်ပေ)နှင့် ပြည်မကြီးတို့ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ဝန်ကြီးချုပ် လီကားချန်က ယနေ့တွင် ကတိကဝတ်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့တွင် ပေကျင်းမြို့၌ စတင်ကျင်းပနေပြီဖြစ်သည့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ညီလာခံ၌ ဝန်ကြီးချုပ် လီကားချန်က အဆိုပါအတိုင်း ကတိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်အစိုးရအနေဖြင့် တရုတ်(ထိုင်ပေ)ပြဿနာဖြေရှင်းရေးဆိုင်ရာ ကွန်မြူနစ်ပါတီ မူဝါဒများကို အကောင်အထည်ဖော်သင့်ကြောင်း ဝန်ကြီးချုပ် လီကားချန်က ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်(ထိုင်ပေ) လွတ်လပ်ရေးကို ပြတ်ပြတ်သားသား တားဆီး၍ ပြည်မကြီးနှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းနိုင်ရေးကို အားပေး မြှင့်တင်ကြရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီကားချန်က အမျိုးသားပြည်သူ့ကွန်ဂရက်ညီလာခံမိန့်ခွန်း၌ ပြောကြားခဲ့သည်။

တရုတ်ပြည်တွင်းစစ် ပြီးဆုံးချိန် ၁၉၄၉ ခုနှစ်မှစ၍ နိုင်ငံရေးအရ သီးခြားရပ်တည်ခဲ့သော တရုတ်(ထိုင်ပေ)ကို တရုတ်အစိုးရက ပြည်မကြီးအချုပ်အခြာပိုင် နယ်မြေအဖြစ် သတ်မှတ်ထားပြီး လိုအပ်ပါက အင်အားသုံး၍ ပြည်မကြီး အချုပ်အခြာအောက် ပြန်လည်ထည့်သွင်းမည်ဖြစ်ကြောင်း ကြေညာထားသည်။

ပေကျင်းမြို့၌ ကျင်းပနေသည့် အမျိုးသား ပြည်သူ့ကွန်ဂရက်ညီလာခံသို့ တရုတ်နိုင်ငံတစ်ဝန်းမှ ပြည်သူ့ကိုယ်စားလှယ် ဦးရေ ၃၀၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

KKO

# အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ရပ်တန့်ပေးရန် လုံခြုံရေးကောင်စီကို မြောက်ကိုရီးယားတောင်းဆို



**မြူယမ်း မတ် ၅**

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ချက်ချင်းရပ်ဆိုင်းပေးရေးအတွက် တောင်းဆိုပေးရန် မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကြောင့် ဒေသတွင်း တင်းမာမှုများ မြင့်တက်နေပြီး ထိန်းမရသည့် အခြေအနေ ရောက်သွားနိုင်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ချက်ချင်းရပ်ဆိုင်းပေးရေးအတွက် အမေရိကန်နှင့်တောင်ကိုရီးယားတို့ကို ဖိအားပေး တောင်းဆိုရန် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုက်တွန်းထားသည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့သည် ယခုလအတွင်း ၁၀ ရက်ကျော် ကြာမြင့်မည့် အကြီးစား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများထဲတွင် ကမ်းတက်တိုက်ပွဲလေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်သည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မြောက်ကိုရီးယားက သတ်မှတ်ထားကြောင်း သိရသည်။ KKO

# ဘင်္ဂလားဒေ့ရှ်၌ အောက်ဆီဂျင်စက်ရုံပေါက်ကွဲမီးလောင် အနည်းဆုံး လူ ခြောက်ဦးသေဆုံး



**ဒါကာ မတ် ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ အောက်ဆီဂျင်စက်ရုံတစ်ရုံ၌ မတ် ၄ ရက်က ပေါက်ကွဲမီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခြောက်ဦးသေဆုံး၍ အများအပြား ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လုပ်နေဆဲဖြစ်ရာ အောက်ဆီဂျင်စက်ရုံပေါက်ကွဲမီးလောင်မှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ အောက်ဆီဂျင် စက်ရုံသည် စစ်တကောင်းဆိပ်ကမ်းမြို့ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ၌ တည်ရှိသည်။

အောက်ဆီဂျင်စက်ရုံပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အောက်ဆီဂျင်စက်ရုံပေါက်ကွဲမှုဖြစ်ပွားစဉ် ပြင်းထန်သည့် ပေါက်ကွဲမှုကြောင့် နှစ်ကီလိုမီတာ အဝန်းအဝိုင်းရှိ ပတ်ဝန်းကျင်နယ်မြေတစ်ခုလုံး တုန်ခါခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်ကလည်း စစ်တကောင်းဆိပ်ကမ်းနယ်မြေ၌ ကုန်သေတ္တာတင် စခန်းတစ်ခု မီးလောင်ခဲ့ရာ လူဦးရေ ၅၀ သေဆုံး၍ ဦးရေ ၂၀၀ ခန့် ဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။KKO

# နိုင်ငံတကာ မူးယစ်မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းကို သြစတြေးလျနှင့်အမေရိကန်တို့ ပူးတွဲဖြိုခွင်း

**ဆစ်ဒနီ မတ် ၅**

တောင်အမေရိက ကမ်းလွန်ရေပြင်အတွင်း သင်္ဘောတစ်စီးပေါ်၌ ကိုကင်းမူးယစ်ဆေးဝါးတန်ချိန် ၂ ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့ပြီးနောက် သြစတြေးလျနှင့် အမေရိကန်တာဝန်ရှိသူများသည် နိုင်ငံတကာ မူးယစ်ဂိုဏ်းတစ်ဂိုဏ်းကို ဖော်ထုတ်ဖြိုခွင်း နိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက မတ် ၄ ရက်တွင် ဖော်ပြခဲ့သည်။

တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၇၇သန်းထိရှိသည့်အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများသည် မက္ကဆီကိုမူးယစ်ဂိုဏ်းတစ်ဂိုဏ်းနှင့် ဆက်စပ်နေကြောင်း သြစတြေးလျရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများကို သြစတြေးလျနှင့် အမေရိကန်နိုင်ငံတို့က ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သော ပူးတွဲစစ်ဆင်ရေး တစ်ခုအတွင်း၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းကိုကင်းများကို ဖမ်းဆီးရမိခဲ့ပြီးနောက် သြစတြေးလျရဲတပ်ဖွဲ့က မူးယစ်မှောင်ခိုရောင်းချသူများအဖြစ် ယူဆရသူ ၁၂ ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

တရားခံဖမ်းဆီးမှုများကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မိမိတို့ကြားဖြတ်တားဆီးနိုင်ခဲ့သော ကိုကင်းမူးယစ်ဆေးဝါးပမာဏသည် သြစတြေးလျနိုင်ငံအတွင်း တစ်နှစ်တာသုံးစွဲခဲ့ကြသည့် ကိုကင်းပမာဏနှင့် ညီမျှကြောင်း သိရသည်။ KKO



# SCIENCE AND TECHNOLOGY

## ဂျပန်အာကာသအေဂျင်စီက H-3 ဒုံးပျံသစ်ကို မတ် ၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား



**တိုကျို မတ် ၅**

ဂျပန်အာကာသအေဂျင်စီသည် H-3 အမည်ရှိ ဒုံးပျံသစ်ကို မတ် ၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၄ ရက်က ရေးသားတင်ပြထားသည်။

ဂျပန် အာကာသအေဂျင်စီသည် အဆိုပါ H-3 ဒုံးပျံသစ်ကို ဖေဖော်ဝါရီ ၁၆ ရက်က ပထမဆုံးအကြိမ်လွှတ်တင်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒုံးပျံသစ်၏ ပင်မဒုံးအင်ဂျင်များသို့ စွမ်းအင်ဖြည့်ဆည်းပေးသည့် လျှပ်စစ်စနစ်ပြဿနာတစ်ရပ်ကြောင့် ဂျပန်အာကာသအေဂျင်စီက ဖေဖော်ဝါရီ ၁၆ ရက်မစ်ရှင်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် မိမိတို့အနေဖြင့် H-3 ဒုံးပျံကို လွှတ်တင်ရေးအတွက် မတ် ၆ ရက်တွင် ထပ်မံကြိုးစားမည်ဖြစ်ကြောင်း ဂျပန်အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

မတ် ၆ ရက် မစ်ရှင်သည် စမ်းသပ်မစ်ရှင်ဖြစ်သော်လည်း ဒိုင်ချီ-၃ အမည်ရှိ ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်စင်း သယ်ဆောင်ထားသော H-3 ဒုံးပျံကို တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် လက်ရှိအသုံးပြုနေသည့် H-2A ဒုံးပျံများနေရာ၌ အစားထိုးရေးအတွက် H-3 ဒုံးပျံသစ်ကို တည်ဆောက်ထားခြင်းဖြစ်သည်။

KKO


## နာဆာ၏ DART အာကာသယာဉ်ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ကျောက်စ၊ ကျောက်န ကီလိုဂရမ်တစ်သန်း ပဲ့ထွက်ခဲ့

**ဝါရှင်တန် မတ် ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ DART အာကာသယာဉ်ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ကျောက်စ၊ ကျောက်နအနည်းဆုံး ကီလိုဂရမ်တစ်သန်း ပဲ့ထွက်ခဲ့ရကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၄ ရက်က ရေးသားတင်ပြထားသည်။

DART အာကာသယာဉ်သည် နာဆာ၏ ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲမှုနည်းပညာ စမ်းသပ်ရေးမစ်ရှင်အရ ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်း ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

DART အာကာသယာဉ်ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းမှာလည်း ၃၃ မိနစ် ပိုကျုံ့သွားကြောင်း သိရသည်။



ထို့ပြင် DART အာကာသယာဉ်ဝင်တိုက်မှုကြောင့် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ကျောက်စ၊ ကျောက်န ကီလိုဂရမ်တစ်သန်းထိ ပေါ်ထွက်လာပြီး ဂြိုဟ်သိမ်၏ နောက်၌ ကီလိုမီတာထောင်ပေါင်းများစွာ ရှည်လျားသော အမြီးတန်းဖြစ်ကျန်ခဲ့ရကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ဖြစ်ထုသည် ကီလိုဂရမ် ၄ ဒသမ ၃ ဘီလီယံထိ ရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

အချင်း ၁၅၁ မီတာရှိသည့် ဒီမောဖော့စ်ဂြိုဟ်သိမ်သည် အရွယ်အစားပိုကြီးမားသော ဒီးဒီးမော့စ်အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကို ဗဟိုပြု လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

KKO

## စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်စဉ်တစ်ခု၏ အကြွင်းအကျန်များကို မဟူရာစွမ်းအင်ရှာဖွေရေးကင်မရာစနစ်တစ်ခုက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၅**

တရုတ် နက္ခတ္တရူပဗေဒပညာရှင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၁၈၀၀ က ပထမဆုံးအကြိမ် မှတ်တမ်းတင်ခဲ့သော စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်စဉ်တစ်ခု၏ အကြွင်းအကျန်များကို မဟူရာစွမ်းအင်ရှာဖွေရေးကင်မရာစနစ်တစ်ခုက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက မတ် ၄ ရက်က ရေးသားတင်ပြထားသည်။

SN-185 ဟူ၍ အမည်ပေးထားသည့် အဆိုပါကြယ်ပေါက်ကွဲမှုဖြစ်စဉ်ကို တရုတ်နက္ခတ္တရူပဗေဒပညာရှင်များက ဘီစီ ၁၈၅ ခုနှစ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

SN-185 ကြယ်ပေါက်ကွဲမှုဖြစ်စဉ်သည်ထိုစဉ်ကာလ၌ပင် အလင်းအားကြီးမားသည့် အပျက်အစီးခါးပတ်ကွင်းတစ်ခု အဖြစ်သာကျန်ရှိခဲ့ခြင်းဖြစ်သည်။

SN-185 ကြယ်ပေါက်ကွဲမှုမှ ကြွင်းကျန်ခဲ့သည့် RCW-86 ဟူ၍ အမည်ပေးထားသော အဆိုပါခါးပတ်ကွင်းနယ်မြေကို အမေရိကန်သိပ္ပံပညာရှင်များက ချီလီနိုင်ငံအခြေစိုက် DECam ခေါ် မဟူရာစွမ်းအင် ရှာဖွေရေးကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

RCW-86 ခါးပတ်ကွင်းသည် ကြယ်ပေါက်ကွဲမှုဖြစ်ပွားပြီး နှစ်ပေါင်း ၁၀၀၀၀ ခန့်အတွင်း စတင်ဖွဲ့စည်း ဖြစ်ပေါ်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ရှေးယခင်က ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် DECam ကင်မရာစနစ်ဖြင့် လေ့လာတွေ့ရှိချက်အရ နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၈၀၀၀ ခန့်အကွာ၌ ရှိနေသော အဆိုပါခါးပတ်ကွင်းသည် ကြယ်ပေါက်ကွဲမှုဖြစ်ပွားပြီး နှစ် ၂၀၀၀ အတွင်း ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## Bempedoic အက်စစ်ဓာတ်မှီဝဲပါက သွေးအတွင်းကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချနိုင်

**နယူးယောက် မတ် ၅**

Bempedoic အက်စစ်ဓာတ်ကို မှီဝဲပါက စတာတင်ဆေးသုံးစွဲနိုင်မှု မရှိသည့်လူနာ၌ သွေးအတွင်းကိုလက်စထရော ပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက မတ် ၄ ရက်က ရေးသားတင်ပြထားသည်။

သွေးအတွင်း LDLကိုလက်စထရောဟုခေါ်သည့် ဆိုးကျိုးပြု ကိုလက်စထရောများ စုစည်းမှုများပြားသူများသည် ၎င်းကိုလက်စထရောများကို လျှော့ချရေးအတွက် စတာတင်ဆေးကို သုံးစွဲကြရကြောင်း သိရသည်။

အဆိုပါလူနာများမှာ တစ်ခါတစ်ရံ စတာတင်ဆေး၏ ဘေးထွက်ဆိုးကျိုးများကို ပြင်းပြင်းထန်ထန် ခံစားတတ်ကြရသည်။

သို့ရာတွင် စတာတင်ဆေး သောက်သုံး၍ မရနိုင်သူများအနေဖြင့် Bempedoic အက်စစ်ကို မှီဝဲခြင်းဖြင့် သွေးအတွင်း LDL ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် စတာတင်ဆေးဒဏ်ကို ခံနိုင်စွမ်းမရှိသည့် လူနာပေါင်း ၁၃၀၀၀ ကျော်ကို Bempedoic အက်စစ်ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

စတာတင်ဆေး သုံးစွဲသူလူနာများအနက် ခုနစ်ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းထိသည် စတာတင်ဆေး၏ ဘေးထွက်ဆိုးကျိုးများကို ခံစားနိုင်စွမ်းမရှိကြောင်း သိရသည်။

KKO

## ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေး ဓာတ်မတည့်မှုက စိတ်ထင်မှတ်မှားမှုများသာဖြစ်နိုင်

**နယူးယောက် မတ် ၅**

Pfizer သို့မဟုတ် Moderna ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးများနှင့် ဓာတ်မတည့်မှုသည် လွန်စွာရှားပါးလှပြီး ဓာတ်မတည့်မှုဆိုင်ရာ သတင်းပို့ချက် အများအပြားမှာလည်း စိတ်ထင်မှတ်မှားမှုများသာ ဖြစ်နိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Pfizer ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှုကြောင့် သတင်းပို့ထားသည့်လူနာ ၁၆ ဦးကို လေ့လာစမ်းသပ်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှ ထွက်ပေါ်လာသောရလဒ်များအရ Pfizer ကာကွယ်ဆေးယောင် (Placebo) ထိုးထားသူများသည် ကာကွယ်ဆေးအစစ် ထိုးထားသူများထက်ပင် ဓာတ်မတည့်မှုများနှင့်ပတ်သက်၍ ပို၍ စောဒကတက်တတ်ကြောင်း သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးများနှင့် ဓာတ်မတည့်မှုများသည် စိတ်ဖိအားတုံ့ပြန်မှုများသာဖြစ်ပြီး အမှန်တကယ် ပေါ်ထွက်လာသော ပြဿနာများ မဖြစ်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးများနှင့် ဓာတ်မတည့်မှုဖြစ်စဉ်များမှာလည်း လွန်စွာရှားပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ စမ်းသပ်မှုတွင်ပါဝင်သူများအနက် ကိုရိုနာဗိုင်းရပ် ကာကွယ်ဆေးအစစ် ထိုးနှံထားသူများအနက် မည်သူ့တွင်မျှဓာတ်မတည့်မှုပြဿနာမရှိခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လာမည့်နွေရာသီတွင် မန်စီးတီး ခံစစ်ကစားသမား လာပေါ်တီ အသင်းမှ ထွက်ခွာမည်

**မန်ချက်စတာ မတ် ၅**

မန်စီးတီးအသင်းသည် ခံစစ်ပိုင်းတွင် ခြေစွမ်းပိုင်းကျဆင်းလာသည့် လာပေါ်တီကို လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု sport.es က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား လာပေါ်တီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒူးဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရပြီးနောက်ပိုင်း ပွဲကစားချိန် လျော့နည်းသွားခဲ့ပြီး ပြိုင်ပွဲစုံတွင် ၁၅ ပွဲသာ ပါဝင်ကစားနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် နယူးကာဆယ်အသင်းကို အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်တွင်လည်း လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရသောကြောင့် ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကာ မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာကလည်းလာမည့် နွေရာသီတွင် ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ လာပေါ်တီသည် အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းရှိနေသကဲ့သို့ လက်ရှိ အပြောင်းအရွှေ့ဈေးကွက်တွင် ၎င်း၏ပြောင်းရွှေ့ကြေးမှာ ယူရို ၃၈ သန်းထိ တန်ကြေးရှိသောကြောင့် သင့်တော်သည့် ကမ်းလှမ်းမှုမျိုး ရရှိပါက ရောင်းချရန် ဆုံးဖြတ်ထားပြီး လိုက်ပ်ဇစ်အသင်း ဇဟိုခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် အသက် ၂၁ နှစ်ရှိ ဂါဗာဒီယိုနှင့် အစားထိုးနိုင်ရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဂါဗာဒီယိုသည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းတွင် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ဥရောပ ထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကို ခံခဲ့ရပြီး လက်ရှိ လိုက်ပ်ဇစ်အသင်း ခံစစ်ပိုင်းတွင်လည်း ပုံစံကောင်းရရှိနေကာ အသင်းအား အမှတ်ပေးပြိုင်ပွဲတွင် အဆင့် (၄) ထိ ရောက်ရှိအောင် ပံ့ပိုးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပထမအကျော့တွင်လည်း ၎င်း၏သွင်းဂိုးဖြင့် သရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ထားနိုင်သောကြောင့် နည်းပြဂွါဒီယိုလာက အနာဂတ်စီမံကိန်းအတွက် ဂါဗာဒီယိုကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML



| ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ရလဒ် | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၂ | - | ၂ | အဲဗာတန် |
| **စပိန်လာလီဂါ ပွဲစဉ် (၂၄) ရလဒ်** | | | | |
| ဗယ်လာဒိုးလစ် | ၂ | - | ၁ | အက်စ်ပန်ညို |
| ဘာစီလိုနာ | ၁ | - | ၀ | ဗလင်စီယာ |

(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- အသက် ၅၄ နှစ်ရှိ အေဘီကိုအသင်းနည်းပြ ဆီမြွန်နီသည် အသင်းအတွက် ၆၁၃ ပွဲမြောက်ပွဲစဉ်တွင် ဆီဗီလာအသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရသောကြောင့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်နှင့် မန်ယူအသင်းတို့က စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဟယ်ရီကိန်းအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ အနိမ့်ဆုံးပေးရမည်ဟု စပါးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ပီအက်စ်ဂျီအသင်း၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူး အမ်ဘာ့ပီ စံချိန်သစ်တင်



**ပဲရစ် မတ် ၅**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် နန့်တက်အသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး အမ်ဘာ့ပီက အသင်းအတွက် အနိုင်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် စုစုပေါင်း သွင်းဂိုး ၂၀၁ ဂိုးထိ ရှိလာခဲ့ပြီး ကလပ်အသင်း သမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က တိုက်စစ်မှူးကာဗာနီသည် ပီအက်စ်ဂျီအသင်းတွင် ကစားခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း ပြိုင်ပွဲစုံ ၃၀၁ ပွဲတွင် သွင်းဂိုး ၂၀၀ ထိ သွင်းယူကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး အမ်ဘာ့ပီက ပြိုင်ပွဲစုံ ၂၄၇ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၂၀၁ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ကာဗာနီ၏ စံချိန်ကို ကျော်ဖြတ်၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

တိုက်စစ်မှူး အမ်ဘာ့ပီက "နန့်တက်အသင်းနဲ့ ပွဲစဉ်မှာ ကျွန်တော်တို့အသင်းက လေးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။ ဒါကတော့ တစ်ဦးချင်းအောင်မြင်မှုဖြစ်ပါတယ်။ အခုလိုဖြစ်အောင် ကူညီပံ့ပိုးပေးတဲ့ အသင်းဖော်တွေ၊ နည်းပြအဖွဲ့ဝင်တွေနဲ့ ပရိသတ်တွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ လာမဲ့ ချန်ပီယံလိဂ်ဒုတိယအကျော့ကို မြူးနစ်မှာကစားရမှာဖြစ်တာကြောင့် ကျွန်တော်တို့ယုံကြည်မှုအပြည့်နဲ့ နိုင်ပွဲရဖို့လိုအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# လေလွင့်ချိန်ဆုံးရှုံးမှုမဖြစ်စေရန် အချိန်ပိုပွဲကစားချိန်ထပ်တိုးသင့်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြောကြား

**လန်ဒန် မတ် ၅**

ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပြိုင်ပွဲများတွင် ပွဲကစားချိန်အတွင်း လေလွင့်ချိန် ဆုံးရှုံးမှုမများစေရန် အချိန်ပိုပွဲကစားချိန်ကို ထပ်တိုးပေးသင့်သည်ဟု မတ် ၄ ရက်က လန်ဒန်မြို့တွင် ပြုလုပ်ခဲ့သည့်နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့ (IFBA)အစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက ပြောကြားခဲ့သည်ဟုChannelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လက်ရှိယှဉ်ပြိုင်နေသည့် ဘောလုံးပြိုင်ပွဲများသည် အချိန်ပိုအပါအဝင် မိနစ် ၁၀၀ သာရှိသည်မှာ သာမန်သာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လေလွင့်ချိန်ဆုံးရှုံးမှုကို ကာကွယ်နိုင်ရန် ပြိုင်ပွဲများကို သေချာစောင့်ကြည့်၍ အချိန်ပို ပွဲကစားချိန်ကို ထပ်မံတိုးမြှင့်သင့်ကြောင်း၊ ပြီးခဲ့သည့်ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အချိန်ပို ပွဲကစားချိန်ကို ၁၀ မိနစ်ထိ တိုးမြှင့်ပေးခဲ့သည်မှာ ပုံမှန်အခြေအနေသာရှိသည်ကို တွေ့မြင်ရကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက "ပြိုင်ပွဲတစ်ခုမှာ ကျွန်တော်တို့အနေနဲ့ လေလွင့်ချိန်ဆုံးရှုံးမှုမရှိအောင် လုပ်ဆောင်ပေးရမှာပါ။ ဘာလို့လဲဆိုရင် ပြိုင်ပွဲကို အားပေးနေတဲ့ ပရိသတ်တွေကို ကျေနပ်မှုရစေချင်လို့ဖြစ်ပါတယ်။ ဒါကြောင့် IFBA အနေနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ဘောလုံးပြိုင်ပွဲတွေကို သေချာစောင့်ကြည့်ပြီး သင့်တော်တဲ့ အချိန်ပို ကစားချိန်ကိုပေးရမှာပါ။ အဲဒီအတွက် ကျွန်တော်တို့မှာ တိကျတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ရှိဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၁ ခုနှစ်က Opta က ကောက်ယူခဲ့သည့် စစ်တမ်းများအရ အင်္ဂလန်နိုင်ငံရှိ ဘောလုံးပြိုင်ပွဲများသည် ပွဲကစားချိန် မိနစ် ၉၀ ပေးထားသော်လည်း အမှန်တကယ်ပွဲကစားချိန်မှာ မိနစ် ၆၀ သာ ရှိကြောင်း ဖော်ပြခဲ့သည့်အပြင် ပြင်သစ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ ပြည်တွင်းလိဂ်ပြိုင်ပွဲများသည်လည်း အမှန်တကယ် ပွဲကစားချိန် ၆၇ မိနစ်သာရှိကြောင်း ဖော်ပြထားသောကြောင့် လေလွင့်ချိန် များပြားနေကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက်အမြန်ဆုံးသွင်းဂိုးအဖြစ် ကွင်းလယ်ကစားသမားဖီးလစ်ဘီလင်း၏သွင်းဂိုး မှတ်တမ်းဝင်

**လန်ဒန် မတ် ၅**

ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ပွဲစဉ်တွင် ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား ဖီးလစ်ဘီလင်း၏ သွင်းဂိုးသည် ပရီးမီးယားလိဂ်သမိုင်း တစ်လျှောက် ဒုတိယမြောက်အမြန်ဆုံး သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဖီးလစ်ဘီလင်းသည် ပွဲအစ တစ်မိနစ်ပင် မပြည့်မီ ကိုးစက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်သမိုင်း တစ်လျှောက် ဒုတိယအမြန်ဆုံး သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်သမိုင်း တစ်လျှောက် အမြန်ဆုံး သွင်းဂိုးအဖြစ် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဧပြီလက ဆောက်သမ်တန်အသင်းနှင့်ဝက်ဖို့ဒ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဆောက်သမ်တန်အသင်း တိုက်စစ်ကစားသမား ရှိန်းလောင်းက ပွဲအစ ခုနစ်စက္ကန့်တွင်ပင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီးနောက် စံချိန်သစ်တင်ထားပြီး ယခုအခါ ရှိန်းလောင်း၏ သွင်းဂိုးပြီးလျှင် ဖီးလစ်ဘီလင်း၏ သွင်းဂိုးက ဒုတိယမြောက် အမြန်ဆုံးသွင်းဂိုး အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ဘုန်းမောက်အသင်းသည် အဝေးကွင်းတွင် အာဆင်နယ်အသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့ပြီး ပွဲချိန် ကိုးစက္ကန့်တွင် သွင်းယူခဲ့သည့် ဖီးလစ်ဘီလင်း၏သွင်းဂိုးနှင့် ပွဲချိန် ၅၇ မိနစ်တွင် သွင်းယူခဲ့ ဆီနီစီတို့၏သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အာဆင်နယ်အသင်းက ပွဲချိန် ၆၂ မိနစ်တွင် ပါတေး၊ ပွဲချိန် ၇၀ မိနစ်တွင် ဘန်ဝိုက်နှင့် နာကျင်အချိန်ပိုတွင် လူငယ်ကစားသမား နေဆင်က အာဆင်နယ်အသင်းအတွက် အဖိုးတန်အနိုင်ဂိုး သွင်းယူ ပေးနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းက ပွဲစဉ်အပြီးတွင် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရခိုင်ယူနိုက်တက်အသင်း အနိုင်ရရှိ




**ရန်ကုန် မတ် ၅**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့်ရတနာပုံအက်ဖ်စီ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှု မရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ခုနစ်မိနစ်နှင့် ၁၂ မိနစ်တို့တွင် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

ရတနာပုံအက်ဖ်စီ အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးဆက်တိုက်ခွင့်ပြုပေးခဲ့ရပြီးနောက် ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၂၃ မိနစ်တွင် မိုးဆွေက ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုး တစ်ဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်အချို့ရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်း သွင်းဂိုးများဖြင့် ရခိုင်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# Mexican Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဒီမီနော ဆွတ်ခူး

**မက္ကဆီကိုစီးတီး မတ် ၅**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သော Mexican Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ဩစတြေးလျတင်းနစ် ကစားသမား ဒီမီနောနှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက (၃-၆၊ ၆-၄၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီမီနောသည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဩစတြေးလျအဆင့် (၁) တင်းနစ်ကစားသမားနေရာကိုပါ ရရှိသွားခဲ့ပြီး ကမ္ဘာ့အဆင့် (၁၈) နေရာတွင်လည်း ရပ်တည်နိုင်ခဲ့သည်။

ဒီမီနောအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့် (၂၀) အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP Tour ဆုဖလားကိုလည်း ခုနစ်ကြိမ်မြောက်ဆွတ်ခူးခဲ့သည်။

တွမ်မီပေါလ်အနေဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ဒီမီနောထက် ပိုမိုရေပန်းစားခဲ့သော်လည်း ပထမပွဲငယ်၌သာ ဒီမီနောကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဒီမီနောက "ကျွန်တော့်အတွက် ATP Tour မှာ နောက်ထပ်ဆုဖလားတစ်လုံးဆွတ်ခူးနိုင်ခဲ့လို့ အရမ်းဝမ်းသာပါတယ်။ ကျွန်တော် ဆွတ်ခူးခဲ့ဖူးတဲ့ ATP Tour ရဲ့ ဆုဖလားတွေထဲမှာ ဒီဆုဖလားက အစိကအကျဆုံး ဆုဖလားတစ်လုံးဖြစ်ပါတယ်။ ကျွန်တော့်ဘဝအတွက် တစ်ခါမှ မခံစားဖူးသေးတဲ့ ခံစားမှုတွေရရှိခဲ့တယ်။ နောက်ထပ်သိလာတဲ့ အရာတစ်ခုကတော့ အလုပ်ကြိုးစားရင် ကြိုးစားသလောက် အကျိုးအမြတ် ရတယ်ဆိုတာပါပဲ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# Dubai Tennis Championships ပြိုင်ပွဲချန်ပီယံဆုကို မျက်ဒဗျက် ဆွတ်ခူး

**ဒူဘိုင်း မတ် ၅**

ဒူဘိုင်းတွင်ကျင်းပသွားခဲ့သည့် Dubai Tennis Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရုရှား တင်းနစ်ကစားသမား မျက်ဒဗျက်နှင့်ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ မျက်ဒဗျက်က ဂျိုကိုဗစ်အား (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်းTennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပွဲစဉ်သည် ပုံစံကောင်းရနေသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်အတွက် ထင်မှတ်မထားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး မျက်ဒဗျက်က အများအနည်းဆုံးဖြစ်အောင်ကစားကာ ပြတ်သားသည့်ရလဒ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်လာမည်ဟု ကြိုတင်သုံးသပ်ချက်များ ထွက်ပေါ်ခဲ့သော်လည်း ဂျိုကိုဗစ်မှာ ပုံမှန်လက်စွမ်းအောက်ရောက်ခဲ့သည်။

မျက်ဒဗျက်အတွက် ရက်သတ္တသုံးပတ်အတွင်း သုံးလုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၄ ပွဲဆက်တိုက် အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ကိုလည်း ရရှိခဲ့သည်။

မျက်ဒဗျက်က "ရာသီအစပိုင်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်ပိုင်းကအားရကျေနပ်စရာ မရှိခဲ့ပါဘူး။ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာလဲ ပုံမှန်လက်စွမ်းပျောက်ဆုံးခဲ့တယ်။ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ပိုင်း ရလဒ်ကောင်းတွေတောက်လျှောက်ရလာခဲ့တယ်။ ပြီးခဲ့တဲ့ရက်သတ္တသုံးပတ်အတွင်းမှာ ဆုဖလားသုံးလုံးထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ မှတ်တမ်းဟာ ကျွန်တော့်အတွက်တော့ ဝမ်းသာဂုဏ်ယူစရာပါပဲ။ ရာသီအစပိုင်းမှာကိုယ့်ကိုယ်ကိုယ် သံသယတွေဝင်ခဲ့တယ်။ အရင်လိုအောင်မြင်မှုတွေ ပြန်ရနိုင်ပါတော့မလားဆိုပြီး ဖိအားတွေလဲဝင်ခဲ့တယ်။ အခုတော့ သံသယတွေမရှိတော့ဘူး။ လိုချင်တဲ့ ပုံစံကိုပြန်ရနေပြီ။ လာမဲ့ပြိုင်ပွဲတွေမှာလဲ အခုလို အောင်မြင်မှုရရှိအောင် ကြိုးစားသွားမယ်။ ပြင်ဆင်လေ့ကျင့်မှုတွေကိုလဲ ဒီထက်ပိုပြီးတော့အချိန်ပေးသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# HSBC Women's World Championship

# ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ဂျင်ယန်းကို ဆွတ်ခူး

**စင်ကာပူ မတ် ၅**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း Korea Herald သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်နိုင်ခဲ့ပြီးအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသော အလစ်ဆင်နှင့် ဒန်နီလီ၊ ဂျပန်ဂေါက်သီးရိုက်မယ် အယာကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ဂျင်ယန်းကိုသည် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် ပထမဆုံးသော ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၁) နေရာတွင် ရပ်တည်ခဲ့ဖူးသည့် ဂျင်ယန်းကိုသည် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် လက်ကောက်ဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရခြင်းကြောင့်လဲ ကမ္ဘာ့အဆင့် (၁) နေရာအား စွန့်လွှတ်ခဲ့ရသည်။

ဂျင်ယန်းကိုက "HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာလက်ရှိချန်ပီယံဆုကို ဘယ်သူမှ ကာကွယ်ထားနိုင်ခြင်း မရှိသေးတဲ့အတွက် လက်ရှိချန်ပီယံ တစ်ယောက်အနေနဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စိုးရိမ်စိတ်တော့ဝင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယနေ့နဲ့ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ ပုံစံကောင်းကြောင့် နောက်ဆုံးနေ့မှာ ရလဒ်အရမ်းမကောင်းခဲ့ပေမဲ့လဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့အတွက် ကျွန်မအနေနဲ့ ပြင်ဆင်လေ့ကျင့်မှုတွေကို အချိန်ယူပြီး လုပ်ဆောင်ခဲ့ရတယ်။ လေ့ကျင့်ပြင်ဆင်ထားတဲ့အတိုင်းကစားနိုင်ခဲ့တဲ့အတွက် ကျွန်မရဲ့ဆန္ဒတွေ ပြည့်ဝခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းအဆင့် ဒု-အကျော့ ပွဲကြိုသုံးသပ်ချက်

STA

**ချဲလ်ဆီး Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ဒေါ့မွန် ၁ – ၀ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | – | **အိမ်(ရှုံး)** | **ဧး(ရှုံး)** | **အိမ်(နိုင်)** |
| **ဒေါ့မွန်** | – | **အိမ်(နိုင်)** | **ဧး(နိုင်)** | **အိမ်(နိုင်)** |

ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်က နိုင်ပွဲပြန်လည်ရရှိခဲ့တယ်ဆိုပေမဲ့ တိုက်စစ်ပိုင်းခြေစွမ်းကတော့ အားရစရာမရှိပါဘူး။ ဒေါ့မွန်အသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက ပြိုင်ပွဲစုံပွဲစဉ်အားလုံးအနိုင်ရရှိထားပြီးခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ချဲလ်ဆီး ၁ – ၂ ဒေါ့မွန်**

## ပြင်သစ်လီဂူးပွဲစဉ် (၂၆) ရလဒ်

| | | | | |
|---|---|---|---|---|
| ထရိုင်းယက် | ၂ | - | ၂ | မိုနာကို |
| မောင့်ပယ်လီယာ | ၅ | - | ၀ | အန်ဂါ |
| ရိမ်း | ၁ | - | ၀ | အေဂျက်စီယို |
| စထရာဘော့ | ၀ | - | ၁ | ဘရက် |
| တူးလော့ | ၀ | - | ၁ | ကလဲယားမောင့် **(၀၄၀)** |

# အိန္ဒိယသို့ တိုက်လေယာဉ်များရောင်းချသွားရန် ကြိုးပမ်းနေသော အမေရိကန်



အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံကို ရုရှားနှင့်ဆက်ဆံရေးကင်းကွာလာစေရန် ၎င်း၏ခေတ်မီတိုက်လေယာဉ်များဖြင့် စည်းရုံးသိမ်းသွင်းဆောင်ရွက်လျက်ရှိသည်။ အမေရိကန်က အိန္ဒိယ၏ခေတ်မီတိုက်လေယာဉ်လိုအပ်ချက်ကို ဖြည့်ဆည်းကာ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ခေတ်မီလေတပ်ဖွဲ့များကို ယှဉ်ပြိုင်နိုင်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စည်းရုံးသိမ်းသွင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်ထိကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ် အိန္ဒိယလေကြောင်းကာကွယ်ရေးပြပွဲ၌ အမေရိကန်နိုင်ငံသည် F-16s ၊ F/A-18s နှင့် B-1B ဗုံးကြဲလေယာဉ်များနှင့်အတူ ၎င်း၏အဆင့်မြင့်ဆုံးခေတ်မီ F-35 တိုက်လေယာဉ်ကို ခင်းကျင်းပြသခဲ့သည်။ ယခုနှစ် ပြပွဲတွင်ခင်းကျင်းပြသခဲ့သော အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းကာကွယ်ရေးပြပွဲ၏ ၂၇ နှစ်ကြာသမိုင်းတစ်လျှောက်၌ အကြီးမားဆုံးသော ကိုယ်စားလှယ်အဖွဲ့ဖြစ်ခဲ့ရာ အမေရိကန်နှင့် အိန္ဒိယတို့၏ မဟာဗျူဟာမြောက်ဆက်ဆံရေးတိုးတက်လာမှုကို ဖော်ညွှန်းပြသလျက်ရှိသည်ဟု ဆိုသည်။ သို့သော် ဆိုဗီယက်ခေတ်ကတည်းက အိန္ဒိယ၏အကြီးမားဆုံး လက်နက်ပံ့ပိုးသူဖြစ်သည့် ရုရှားသည်အဆိုပါလေကြောင်းပြပွဲ၌ ပုံမှန်အတိုင်းသာခင်းကျင်းပြသခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် လေယာဉ်၊ တင့်ကား၊ ရေဒါနှင့် ထရပ်ကားများကို အကန့်အသတ်ဖြင့်သာ ခင်းကျင်းပြသခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် လေကြောင်းပြပွဲ၌ စစ်လက်နက်ပစ္စည်းများကို အကန့်အသတ်ဖြင့်သာ ခင်းကျင်းပြသခဲ့သော်လည်း လွန်ခဲ့သော ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှုသည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိရှိခဲ့သည်။ ထို့ပြင် အိန္ဒိယအနေဖြင့် ရုရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိသော လက်နက်များထပ်မံမှာယူထားရှိသည်။ သို့သော် အမေရိကန်အနေဖြင့် လွန်ခဲ့သော ခြောက်နှစ်အတွင်း အိန္ဒိယသို့ လက်နက်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံသာရှိခဲ့သည်။ အမေရိကန်အနေဖြင့် အိန္ဒိယနိုင်ငံကို ရုရှားနိုင်ငံအပေါ် မှီခိုနေမှုမှဖယ်ခွာလာစေရန် စည်းရုံးသိမ်းသွင်းဆောင်ရွက်ခြင်းသည် ယခုအကြိမ်မှာ ပထမဆုံးတော့မဟုတ်ပေ။ အမေရိကန်ထုတ် F/A-18 လေယာဉ်သည် အိန္ဒိယ၏လေယာဉ်တင်သင်္ဘောအခြေစိုက် တိုက်လေယာဉ်အစီအစဉ်အတွက် ပြင်သစ်၏ Rafale တိုက်လေယာဉ်များနှင့်အပြိုင် ဈေးနှုန်းကမ်းလှမ်းရောင်းချလျက်ရှိသည်။ ပြင်သစ်၏ကုန်းမြေအခြေစိုက် Rafale တိုက်လေယာဉ်မူကွဲများသည် အိန္ဒိယလေတပ် (IAF)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ထို့ပြင် အမေရိကန်သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ တန်ဖိုးရှိသော တိုက်လေယာဉ်အစင်း ၁၁၀ ဝယ်ယူသွားမည့် အိန္ဒိယ၏သတင်းအချက်အလက်တောင်းဆိုမှု (RFI)အပေါ်တွင်လည်း F-21 တိုက်လေယာဉ်များရောင်းချသွားရန် ကမ်းလှမ်းထားရှိသည်။ F-21 ကို F-22 နှင့် F-35 တိုက်လေယာဉ်နည်းပညာတို့ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ထားသော F-16 Block 70 လေယာဉ်ကဲ့သို့ပင် တည်ဆောက်ထားရှိဖွယ်ရာရှိပြီး အထူးသဖြင့် ၎င်းလေယာဉ်၏ APG-83 အမျိုးအစား အီလက်ထရွန်နစ်စကင်ရေဒါ (AESA) ကို F-22 ၏ APG-77 နှင့် F-35 ၏ APG-81 တို့၏ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲများပေါင်းစပ်တပ်ဆင်ထားရှိသည်။

F-35 သည် ဂျက်တိုက်လေယာဉ်များ၏စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိသော်လည်း အိန္ဒိယ၏လက်တွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိပေ။ F-35 ၏ ထိုးစစ်စွမ်းဆောင်နိုင်မှုသည် အိန္ဒိယ၏ စစ်ရေးဆိုင်ရာသဘောတရားနှင့် အံဝင်ခွင်ကျမရှိပေ။ အမှန်တော့ အိန္ဒိယသည် နယ်စပ်ကာကွယ်ရေးကိုသာအလေးထားလျက်ရှိသည်။ ထို့ပြင် ရန်သူ၏ဝေဟင်ပိုင်နက်အတွင်း ထိုးဖောက်တိုက်ခိုက်နိုင်ရေးအတွက် အမေရိကန်၏ လိုအပ်ချက်များနှင့်အညီ F-35 ကို ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်းလေယာဉ်သည် အိန္ဒိယ၏ ကန့်သတ်ချက်ရှိသော ကာကွယ်ရေးအသုံးစရိတ်ထက်လည်း ဈေးနှုန်းကြီးမြင့်လျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယအနေဖြင့် ရုရှားထုတ် Su-30MKI နှင့် ပြင်သစ်ထုတ် Rafale တိုက်လေယာဉ်ကဲ့သို့သော စတုတ္ထမျိုးဆက်တိုက်လေယာဉ်အုပ်များကိုသာ ဝယ်ယူသွားနိုင်မည်ဖြစ်သည်။ အဆိုပါတိုက်လေယာဉ်များသည် နယ်စပ်ကာကွယ်ရေးဆိုင်ရာစစ်ဆင်ရေးတွင် တာဝန်ထမ်းဆောင်နိုင်ခြင်း၊ ရန်သူ့လေယာဉ်များကို အနီးကပ်တိုက်ခိုက်နိုင်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မည့်အပြင် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ သုတေသနပြုလုပ် တည်ဆောက်နိုင်ရေးအတွက်လည်း ရန်ပုံငွေထူထောင်သွားနိုင်မည်ဖြစ်သည်။ အိန္ဒိယအနေဖြင့် ဈေးနှုန်းသက်သာသည့် စတုတ္ထမျိုးဆက်တိုက်လေယာဉ်များ ဝယ်ယူနေသည့်တိုင်အောင် ဈေးအနည်းငယ် မြင့်နေသေးသည့် ပြင်သစ်ထုတ် Rafale တိုက်လေယာဉ်များ မှာယူမှုကိုမူ လျှော့ချသွားရဖွယ်ရှိနေသည်။

အိန္ဒိယသည် အမျိုးမျိုးသောအကြောင်းတရားများကြောင့် အမေရိကန်နိုင်ငံမှ ယခင်မှာယူထားသော F-16s နှင့် F/A-18 Hornets လေယာဉ်များကိုလည်း အရေအတွက်လျှော့ချသွားရန် ရှိနေသည်။ ဆိုရလျှင် ပါကစ္စတန်၊ တရုတ်တို့နှင့် အရေးပေါ်အခြေအနေများဖြစ်လာသည့်အချိန်တွင် အမေရိကန်အနေဖြင့် အိန္ဒိယနိုင်ငံ၏ အလိုအပ်ဆုံးအရာများဖြစ်သည့် လေယာဉ်အစိတ်အပိုင်းများ၊ ခဲယမ်းများနှင့်လေယာဉ်များရောင်းချမှုကို ရုတ်တရက်ရပ်ဆိုင်းသွားနိုင်သည့် အလားအလာရှိနေသောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် အမေရိကန်တိုက်လေယာဉ်များကို ဆက်လက်ဝယ်ယူသွားတော့မည်မဟုတ်ကြောင်း အိန္ဒိယ၏ဆုံးဖြတ်ချက်ချမှတ်မှုသည် အမေရိကန်၏ပါကစ္စတန်အပေါ် ကာလရှည်ကြာ လက်နက်ပံ့ပိုးနေမှုကို ဆန့်ကျင်ကန့်ကွက်မှုနည်းဗျူဟာလည်း ဖြစ်နိုင်ပေသည်။ အမေရိကန်သည် ပါကစ္စတန်၏ သက်တမ်းရင့် F-16 တိုက်လေယာဉ်အုပ် အဆင့်မြှင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၄၅၀ ပံ့ပိုးကူညီသွားရန် အတည်ပြုထားပြီဖြစ်သည်။ အဆိုပါ ပံ့ပိုးကူညီမှုတွင် အင်ဂျင်နှင့်ကိုယ်ထည်ပိုင်းများအဆင့်မြှင့်တင်ခြင်း၊ ဆော့ဖ်ဝဲပိုင်းဆိုင်ရာများ အဆင့်မြှင့်တင်ခြင်းများလည်း ပါဝင်မည်ဖြစ်သည်။ ပါကစ္စတန်၏ F-16 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ပေးသွားမည့် အမေရိကန်၏ဆုံးဖြတ်ချက်သည် ယူကရိန်းအရေးဖြစ်ပွားနေစဉ် ရုရှားရေနံကို ဆက်လက်ဝယ်ယူနေသည့် အိန္ဒိယအပေါ် မကျေနပ်ကြောင်း အရိပ်အမြွက်ပြသခြင်းလည်း ဖြစ်နိုင်ပေသည်။ အမှန်တော့ အမေရိကန်တိုက်လေယာဉ်များကို ဝယ်ယူမှုရပ်ဆိုင်းသွားမည့် အိန္ဒိယ၏ဆုံးဖြတ်ချက်သည် နည်းပညာလွှဲပြောင်းမှုတွင် ပြဿနာရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ သာဓကအနေဖြင့် ဥရောပလေယာဉ်ကုမ္ပဏီများသည် အမေရိကန်ကုမ္ပဏီများထက် နည်းပညာပိုမိုလွှဲပြောင်းပေးလိုသောဆန္ဒ ရှိနေခြင်းပင်ဖြစ်သည်။

အိန္ဒိယ၏ ပဉ္စမမျိုးဆက်အလွန် အဆင့်မြင့်အလယ်အလတ် တိုက်လေယာဉ်(AMCA) ဖြစ်သည့် Mk2 ကို အိန္ဒိယ၏ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) နှင့် ပြင်သစ်အာကာသကုမ္ပဏီ Safran တို့က ပူးတွဲထုတ်လုပ်ထားသော ပြည်တွင်းထုတ် 110-kN အတန်းအစားအင်ဂျင်တပ်ဆင်သွားမည်ဖြစ်သည်။ သို့သော် အမေရိကန်အနေဖြင့်လည်း အိန္ဒိယ၏အပေါ့စားတိုက်လေယာဉ် (LCA)-Mk2 နှင့် AMCA စီမံကိန်းများအတွက် အိန္ဒိယတွင် GE-414 အင်ဂျင်များထုတ်လုပ်သွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်ဟုဆိုသည်။ မည်သို့ပင်ဆိုစေ ၎င်း၏ မဟာဗျူဟာမြောက်လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းသွားလိုသည့် အိန္ဒိယ၏ဆုံးဖြတ်ချက်သည် အမေရိကန်တိုက်လေယာဉ်များ ဆက်လက်ဝယ်ယူသွားလိုသောဆန္ဒမရှိရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် အမေရိကန်နိုင်ငံ၏ လက်နက်ကုမ္ပဏီများသည် ဝယ်ယူသူများကို ပြုပြင်ထိန်းသိမ်းမှု၊ နည်းပညာအထောက်အကူနှင့် ဈေးနှုန်းလျှော့ချမှုများဖြင့် ကမ်းလှမ်းခဲ့သော်လည်း လက်တွေ့တွင်မူ အမေရိကန်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် နိုင်ငံခြားရေးမူဝါဒနှင့် ကာကွယ်ရေးမူဝါဒများကိုသာ ဦးစားပေးဆောင်ရွက်လေ့ရှိကြသည်။

သို့သော် ရုရှားနိုင်ငံကမူ ၎င်း၏လက်နက်တင်ပို့ရောင်းချမှုများသည် နိုင်ငံရေးဆိုင်ရာနှောင်ကြိုးများနှင့် ကင်းလွတ်မှုရှိကြောင်း ပြောဆိုလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံကို လက်နက်ဝယ်ယူရေးအတွက် ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ အိန္ဒိယသည် အမေရိကန်ကို လက်နက်ဖောက်သည်တစ်ဦးထက်မိတ်ဖက်အဖြစ်သာ ပူးပေါင်းဆောင်ရွက်သွားလိုသော ဆန္ဒရှိနေသည်။ အထူးသဖြင့် အိန္ဒိယသည် အမေရိကန်ကို မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ်သာ ရှုမြင်ထားလျက်ရှိသည်။

သို့သော် ယူကရိန်းအရေးတွင် ရုရှားစစ်လက်နက်များ၏စွမ်းဆောင်ရည်အပေါ် သံသယကြီးထွားလာခဲ့သည်။ အထူးသဖြင့် ပိတ်ဆို့မှုများအောက်တွင် ရုရှားကုမ္ပဏီများအနေဖြင့် လက်နက်များဆက်လက်တင်ပို့သွားနိုင်မလားဆိုသော မေးခွန်းများထွက်ပေါ်လာလျက်ရှိသည်။ သာဓကအနေဖြင့် အိန္ဒိယသည် ၂၀၂၂ ခုနှစ် မတ်လတွင် ရုရှားနိုင်ငံမှ Su-30MKI တိုက်လေယာဉ် ၁၂ စင်း မှာယူခဲ့သော်လည်း လေယာဉ်အစိတ်ပိုင်းများပေးပို့မှု၊ ငွေပေးချေမှုတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု မြင့်တက်လာသောကြောင့် နှစ်လအကြာတွင် အဆိုပါလေယာဉ်မှာယူမှုကို ရပ်ဆိုင်းထားခဲ့သည်။

ဆိုရလျှင် အိန္ဒိယအနေဖြင့် တိုက်လေယာဉ်ဝယ်ယူရေး အစီအစဉ်အတွက် အကူအညီလိုအပ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နှင့်ပါကစ္စတန်တို့ကို ယှဉ်ပြိုင်နိုင်ရေးအတွက် F-35 တိုက်လေယာဉ်ဝယ်ယူသည်ထက် ပိုမိုကောင်းမွန်သောအဖြေများရှိနိုင်ပေသည်။ ဆိုလိုသည်မှာ အိန္ဒိယအနေဖြင့် စစ်လက်နက်ပစ္စည်းတင်သွင်းမည့်နိုင်ငံများ ပိုမိုရှာဖွေခြင်းနှင့် မဟာဗျူဟာမြောက်လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရင်း ပြည်တွင်းထုတ် တိုက်လေယာဉ်တည်ဆောက်မှုအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားရန်ပင်ဖြစ်သည်။

အမှန်တော့ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံနှင့် ဒေသတွင်း၌အင်အားကြီးသော တပ်မတော်တစ်ရပ်အဖြစ် ရပ်တည်နိုင်ရေး ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် အိန္ဒိယနိုင်ငံသည် အမေရိကန်နှင့်ရုရှားနိုင်ငံတို့ကို သာတူညီမျှရှိသော သံခင်းတမန်ခင်း နည်းလမ်းအတိုင်းသာ ထိတွေ့ဆက်ဆံခဲ့သည်။ အမှန်တော့ ရှုပ်ထွေးလာလျက်ရှိသော လက်ရှိကမ္ဘာ့အခြေအနေများကြောင့် အိန္ဒိယ၏ မဟာဗျူဟာမြောက် အနေအထားသည် တဖြည်းဖြည်း အရေးပါလာလျက်ရှိသည်။

ဆိုရလျှင် ဝန်ကြီးချုပ်ဟောင်း နေရူးလက်ထက်ကတည်းကပင် ဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သော အိန္ဒိယနိုင်ငံသည် ၎င်း၏အကျိုးစီးပွားအတွက်သာ ရွေးရှုလျက် အမေရိကန်အပါအဝင်အင်အားကြီးနိုင်ငံများကို တစ်ပြေးညီဆက်ဆံခဲ့သည်။ မည်သို့ပင်ဆိုစေ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ အမြဲတမ်းမိတ်ဆွေမရှိသလို အမြဲတမ်းရန်သူလည်းမရှိဘဲ အမြဲတမ်း အကျိုးစီးပွားသာရှိသည်ဆိုသော အဆိုအမိန့်ကို စွဲကိုင်ထားသည့် အိန္ဒိယနိုင်ငံသည် စစ်လက်နက်ပစ္စည်းများဝယ်ယူရာတွင်လည်း ၎င်း၏အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးသွားမည်မှာ အသေအချာပင်ဖြစ်ပေသည်။

**ကိုးကား**

- **US dangles F-35 to lure India away from Russia by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန် စစ်ဘက်အကူအညီပေးရေးအစီအစဉ်ကို အမေရိကန်ကြေညာ



ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာသန်း ၄၀၀ တန် စစ်ဘက်ဆိုင်ရာ အကူအညီပေးရေးအစီအစဉ်ကို မတ် ၃ ရက်က အမေရိကန်ကြေညာခဲ့ကြောင်း အမေရိကန်အစိုးရ သတင်းရင်းမြစ်များကို ကိုးကားပြီး Reuters သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါစစ်ဘက်အကူအညီတွင် အထူးသဖြင့်Bradley တိုက်ယာဉ်များ (BDV) နှင့်HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များအတွက် ကျည်ဆန်၊ ခဲယမ်းများ အဓိကပါဝင်လာမည်ဖြစ်သည်။ သတင်းမီဒီယာအေဂျင်စီ၏ ရေးသားချက်များအရ အမေရိကန်နိုင်ငံသည် တံတားခင်းတင့်ကားများကိုပေးပို့သွားရန် စီစဉ်နေကြောင်း သိရသည်။

အမေရိကန်သည် ယူကရိန်းနိုင်ငံကို ရုရှား၏တိုက်ခတ်မှုကို တန်ပြန်တွန်းလှန်နိုင်ရန် ခဲယမ်းမီးကျောက်များအဓိကပါဝင်သောအကူအညီသစ်များကို မတ် ၃ ရက်တွင်ကြေညာခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းအတွက် အမေရိကန်က နောက်ထပ်အကူအညီများ ထပ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအတွက်လိုအပ်မည့် ခဲယမ်းများနှင့် ကျည်ဆန်အများစုပါဝင်လိမ့်မည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးကောင်စီပြောရေးဆိုခွင့်ရှိသူ John Kirby က ပြောကြားသည်။

သို့သော် အသေးစိတ်အချက်အလက်များကိုပြောကြားသွားခြင်းမရှိပေ။ အဆိုပါကြေညာချက်သည် ဂျာမနီအဓိပတိ Olaf Scholz ၏ အိမ်ဖြူတော်သို့ လာရောက်လည်ပတ်ချိန်နှင့် တိုက်ဆိုင်နေသည်။ အနောက်နိုင်ငံများက ယူကရိန်းသမ္မတဇီလန်စကီးကို ရုရှားစစ်ဘက်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တွန်းလှန်ချေမှုန်းနိုင်ရန် ယူကရိန်းစစ်ဘက်ကို ခဲယမ်းမီးကျောက်များနှင့် အခြားပစ္စည်းများ ပေးပို့မှုကို အရှိန်မြှင့်ပေးပို့လိမ့်မည်ဟု ကတိပြုထားပြီးလည်းဖြစ်သည်။ ဥရောပသမဂ္ဂသည် ယူကရိန်းသို့ 155 mm ကျည်ဆန်များ အရေးပေါ်ထောက်ပံ့ရန် ကြိုးပမ်းချက်တစ်ရပ်ကို မကြာသေးမီက ကြေညာခဲ့ပြီးဖြစ်သည်။

ယူကရိန်းတွင် ရုရှား၏အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီများ ပေးပို့ခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov နှင့် အခြားတာဝန်ရှိအရာရှိများက ယူကရိန်းထံ အနောက်နိုင်ငံများ၏ လက်နက်များပေးပို့နေမှုသည် ကမ္ဘာလုံးဆိုင်ရာထံ စစ်လက်နက်များပျံ့နှံ့သွားစေမည့်ခြိမ်းခြောက်မှုများ ဖြစ်လာနိုင်သည်ကိုသတိပေးခဲ့သည်။ အနောက်နိုင်ငံများက ယူကရိန်းကို စစ်ရေးအရအသုံးချခြင်းသည် ဥရောပနှင့်ကမ္ဘာ့လုံခြုံရေးအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်ကြောင်း အမေရိကန်ဆိုင်ရာ ရုရှားသံအမတ်ကြီး Anatoly Antonov က အတိအလင်း ပြောကြားခဲ့ပြီးဖြစ်သည်။

**US to announce another $400 mln package of military aid to Ukraine agency ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်ရေတပ်၏ ကုန်းရေနှစ်သွယ်ချေမှုန်းရေးသင်္ဘော Type 075 Hainan ပထမအကြိမ် ပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ရေတပ်၏ ကုန်းရေနှစ်သွယ်ချေမှုန်းရေးသင်္ဘော Type 075 Hainan သည် မကြာသေးမီက တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်ပြီး အနောက်ပစိဖိတ်ဒေသတွင် ကမ်းဝေးပင်လယ်ပြင် စစ်ရေးလေ့ကျင့်မှုတစ်ခု ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ကြောင်း မတ် ၃ ရက်ထုတ် Global Times မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

Type 075 Hainan သင်္ဘောသည် ပင်လယ်ရေပြင် စူးစမ်းလေ့လာရေးခရီးကို ပထမဆုံးအကြိမ် အဖြစ်ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ တောင်တရုတ်ပင်လယ်နှင့် အနောက်ပစိဖိတ်ဒေသတွင် ရက်ပေါင်း ၃၀ ကြာ တိုက်ပွဲဝင်လေ့ကျင့်ရေးမစ်ရှင်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ပြီး ရေမိုင် ၉၀၀၀ ကျော်ကို ဖြတ်ကျော်ခုတ်မောင်းကာ PLA တောင်ပိုင်း စစ်နယ်ဝန်းကွပ်ကဲမှုရေတပ်ဌာနချုပ်လက်အောက်ရှိ ကမ်းဝေးပင်လယ်ပြင်ပူးတွဲလေ့ကျင့်မှုစစ်ရေယာဉ်စုသည် မကြာသေးမီက အခြေစိုက်စခန်းများသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း တရုတ်နိုင်ငံ China Central Television (CCTV)ရုပ်မြင်သံကြားဌာနက အစီရင်ခံတင်ပြခဲ့သည်။

Type 075 ကုန်းရေနှစ်သွယ်ချေမှုန်းရေးသင်္ဘော Hainan၊ Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော Hohhot၊ Type 054A ပဲ့ထိန်းဒုံးကျည်တင် ဖရီဂိတ်စစ်သင်္ဘော Liuzhou နှင့် Type 901 ပြန်လည်ဖြည့်တင်းရေးသင်္ဘော Chaganhu တို့ပါဝင်ပြီး အဆိုပါရေယာဉ်စုသည် ဇန်နဝါရီလနှောင်းပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း Guang ပြည်နယ် Zhanjiang မြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။

မရိန်းတပ်ဖွဲ့ဝင်များ၊ ရဟတ်ယာဉ်များနှင့် ဟိုင်နန်တွင် သယ်ဆောင်လာသော လေဖြည့်ကမ်းတက်ရေယာဉ်များအပါအဝင် စစ်ရေယာဉ်စုမှ အဖွဲ့အများအပြားသည် ပေါင်းစပ်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုက်ရိုက်ပစ်ခတ်စဉ် Flive-Fire လေ့ကျင့်မှုတွင် စစ်လေယာဉ်စုအနေဖြင့် တပ်ဆင်အသုံးပြုထားသော စစ်လက်နက်၊ ပစ္စည်းကိရိယာများ၏ ကန့်သတ်ချက်များကို သိရှိနားလည်သဘောပေါက်ရန် လုပ်ဆောင်နိုင်ခဲ့ကြပြီး တိုက်နည်းဗျူဟာမျိုးစုံနှင့်လေ့ကျင့်ရေးနည်းလမ်းပေါင်းစုံအသုံးပြု၍ အကောင်းဆုံးဖြစ်အောင် ပြုလုပ်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



၂၀၂၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် Type 075 စတင်တာဝန်ထမ်းဆောင်နိုင်ခဲ့ပြီး ပြီးပြည့်စုံသော စစ်ဆင်ရေးစွမ်းရည်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပိုင်ဆိုင်လာခဲ့ကာ နောက်ပိုင်း ကမ်းဝေးပင်လယ်ပြင်လေ့ကျင့်ရေးမစ်ရှင်တွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းသည် စစ်သင်္ဘော၏တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ပြသနိုင်ခဲ့ကြောင်း လေ့လာသူများက ပြောကြားခဲ့ကြသည်။

ဝေးလံခေါင်သီသောကမ်းဝေးပင်လယ်ပြင်လေ့ကျင့်မှုများသည် သင်္ဘောအမှုထမ်းများကို ဝေးလံခေါင်သီသောဒေသများရှိ ပင်လယ်ရေကြောင်းပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေများနှင့် ရင်းနှီးကျွမ်းဝင်စေပြီး ၎င်းတို့သည် စစ်သင်္ဘောများနှင့် လေယာဉ်များကို ထိန်းကျောင်းပျံသန်း၊ ခုတ်မောင်းသွားလာရာတွင် အရေးကြီးသောအချက်များဖြစ်သည်။

မြေပြင်အခြေစိုက်တပ်ဖွဲ့များက ပံ့ပိုးမှုမပေးနိုင်သည့်ဝေးလံခေါင်သီသော ကမ်းဝေးပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုတွင် နောက်ထပ်ကြိုတင်မှန်းဆ၍မရသောအခြေအနေများဖြစ်ပေါ်လာနိုင်ပြီး တိုင်းတစ်ပါးသင်္ဘောများနှင့် လေယာဉ်များလည်းအနှောင့်အယှက်များပေါ်ပေါက်လာနိုင်မှုများလည်း ကြိုတင်မျှော်မှန်းလေ့ကျင့်ထားရသည်။

Type 075 သည် တန်ချိန် ၃၀၀၀၀ မှ ၄၀၀၀၀ ကြားရွှေ့ပြောင်းနိုင်ပြီး အလျား ၂၃၇ မီတာ (၇၇၈ ပေ)ရှိသည်။ ၎င်းတွင် H/PJ-14 30mm CIWS အနီးကပ်ပစ်စက်သေနတ်နှစ်လက်နှင့် HQ-10 SAM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် နှစ်စင်း တပ်ဆင်ထားသည်။

သင်္ဘောကုန်းပတ်သည်အရှည် ၂၂၆ မီတာနှင့် အကျယ် ၃၆ မီတာရှိသည်။ ရဟတ်ယာဉ်ဆိုက်ကပ်နိုင်သော နေရာခုနစ်ခုပါရှိသည်။ သင်္ဘော၏ဝဲဘက်ခြမ်း၌ ခြောက်နေရာနှင့် နောက်ဘက်ပိုင်း၌ တစ်နေရာပါရှိသည်။ ရှေ့ပိုင်း Aircraft Elevator လေယာဉ်တင်ဆောင်ရေးစနစ်သည် အလတ်စားရဟတ်ယာဉ်အမျိုးအစားကိုတင်ဆောင်နိုင်ပြီး ပဲ့ပိုင်း Aircraft Elevator တွင် ပိုမိုကြီးမားသော Chang-he Z-8 ရဟတ်ယာဉ်များကို တင်ဆောင်နိုင်မည်ဖြစ်သည်။ သင်္ဘောတွင် ရှေ့ပိုင်းကုန်းပတ်ပေါ်၌ လက်နက်များ တင်ဆောင်ပေးသည့် Weapons Elevators နှစ်ခု တပ်ဆင်ထားသည်။

**China Navy conducts first far sea drills with Type 075 amphibious assault ship Hainan ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Auspicious ceremony to present religious titles for 2023 and donate provisions held


The religious title presentation ceremony in progress.

**Nay Pyi Taw March 5**

Auspicious ceremony to present religious titles for 2023 and donate provisions was held at Sasana Beikman in the precinct of Uppatasanti Pagoda, Nay Pyi Taw this afternoon. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and presented religious titles and donated provisions.

Present were title recipient foreign and local Buddhist monks and nuns, led by honoured guests, Vice Chairman of State Sangha Maha Nayaka Committee (SSMNC) Patron of Koehsaung Monastery in Myingyan Agga Maha Pandita Jotipala and Vice Chairman of State Sangha Maha Nayaka Committee Patron of Thiho Pariyatti School, Kyaukme, Shan State (North) Agga Maha Pandita Dr Bhaddanta Candanasara. The Senior General and wife were accompanied by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, Deputy Prime Minister and Minister of Foreign Affairs of Thailand H.E. Mr. Don Pramudwinai, SAC Secretary Lt-Gen Aung Lin Dway and wife, SAC Joint Secretary Lt-Gen Ye Win Oo and wife, SAC members and their wives, Union level officials and their wives, senior military officers from Office of Commander-in-Chief and their wives, the Nay Pyi Taw Command commander, officials and Sasananuggaha Title recipient laypersons.

The ceremony was opened by reciting namotassa three times. Deputy Minister for Religious Affairs and Culture U Aye Tun read out the agenda.


Senior General Min Aung Hlaing presents Abhidhaja Maha Rattha Guru Title for Mahasi Sayadaw.

The congregation led by the Senior General and wife received the Five Precepts from SSMNC Vice Chairman Myingyan Sayadaw.

Patron of Sasanamandine Pali University in Bago, Bago Region Sayadaw Bhaddanta Sirinda, Abhidhaja Maha Rattha Guru Title recipient, read out the Sammodani Ocadakatha and Union Minister for Religious Affairs and Culture U Ko Ko supplicated religious matters.

At the ceremony, the Senior General presented Abhidhaja Maha Rattha Guru Title and insignia to Most Venerable Prof. Kumburugamuwe a revered monk from Sri Lanka, Somdet Phramahathirachan a revered monk from Thailand and Sayadaw Agga Maha Kammathanacariya Bhaddanta Sobhana of Shweminwun Sasanayeiktha, Bahan Township, Yangon Region, on behalf of Mahasi Sayadaw Bhaddana Sobhana.

The Vice-Senior General presented Abhadhaja Maha Rattha Guru Title and insignia to Sayadaw Agga Maha Kammathanacariya Bhaddanta Kiccayana of Thuwunna Theingi Mogok Vipassana Dhamma Yeiktha in Thingangyun, Yangon Region on behalf of Sayadaw Bhaddana Cakkinda Bhivamsa of Nagakyaung Religious School in Kyaukphyu, Rakhine State, and Moegok Sayadaw Bhaddanta Vimala.


Vice-Senior General Soe Win presents Abhidhaja Maha Rattha Guru Title for Mogok Sayadaw.

The SAC Secretary presented Abhidhaja Maha Rattha Guru Title and insignia to Sayadaw Bhaddanta Sirinda of Sasanamandine Pali University in Bago Region, and the SAC Joint Secretary, Abhidhaja Agga Maha Saddhammajotika Title and insignia to Sayadaw Bhaddana Tejaniya of Shwedaung Pali University in Yenanchaung Township, Magway Region.

SAC members, Union level officials, Union ministers, senior military officers from Office of Commander-in-Chief and officials presented Tipitakadhara Bhantagarika, Abhidhaja Maha Rattha Guru, Abhidhaja Agga Maha Saddhammajotikadjaja, Agga Maha Pandita, Agga Maha Saddhammajotika, Agga Maha Gandavacaka Pandita, Agga Maha Kammathanacariya titles and insignia to Sayadaws.

The Senior General's wife presented Agga Maha Ganthavacaka Pantita Title and *See Page 13*


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present offertories to a Sayadaw.


Vice-Senior General Soe Win presents offertories to a Sayadaw.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla seek ovada from Sayadaw Somdet Phramahathirachan of Thailand.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pose for documentary photo together with Thai Sayadaws and the Thai Deputy Prime Minister and Foreign Affairs Minister H.E. Mr. Don Pramudwinai.



Senior General Min Aung Hlaing presents Agga Maha Thiri Thuddhama Mani Jotadhara Title to U Zaw Win.



Senior General Min Aung Hlaing presents Agga Maha Thiri Thuddhama Mani Jotadhara Title to U Maung Maung.



Vice-Senior General Soe Win presents Thiri Thuddhama Mani Jotadhara Title to a recipient.



Daw Kyu Kyu Hla presents Agga Maha Ganthavacaka Pantita Title to a nun.

*From Page 12*

insignia to Nun Daw Kemacari of Dhammawihari Nunnery School, Aungmyaythazan Township, and Nun Daw Yucanda of Theravada Buddhist Missionary Sandarama Nunnery Religious School in Mogaung, and the Vice-Senior General's wife presented Agga Maha Ganthavacaka Pantita Title and insignia to Nun Daw Nandamala of Kemathiri Nunnery Religious School in Magway.

Next, the Senior General presented Agga Maha Thiri Thuddhama Mani Jotadhaya titles and insignia to U Aung Toe, Dr Khin Maung Tun, U Zaw Win and U Maung Maung.

The Vice-Senior General presented Thiri Thuddhama Mani Jotadhaya titles and insignia to U Ye Tun (aka) U Ye Tin Htut, U Hla Aye (aka) U Ar T and U Bay Rinnal (aka) U Khin Maung Lwin.

Then, the Senior General's wife presented Agga Maha Thiri Thuddhama Theingi titles and insignia to Daw Than Than Nwe, Daw Mya Thein, Daw Thin Thin and the Vice-Senior General's wife Thiri Thuddhama Theingi titles and insignia to Daw Khin Mar Cho and Daw Aye Mya Lwin.

The State Sangha Maha Nayaka Committee Vice-Chairman Presiding Sayadaw of Thiho Pariyatti Sarthintaik in Kyaukme delivered a sermon to the congregation led by the Senior General and wife sharing merits gained. Then, the ceremony came to a close with a three-time recitation of Buddha Sasanam Cirum Thitthatu.

SAC conferred religious titles to 403 local and international Sayadaws and members of the Sangha, 38 nuns and 42 laypeople this year.

During the ceremony, 15 Sayadaws conferred with the title of Abhidhaja Maha Rattha Guru and 12 Sayadaws with Abhidhaja Agga Maha Saddhamma Jotika, one Sayadaw with Tipitakadhara Dhammabhandagarika, 30 Sayadaws with Agga Maha Pandita, 52 Sayadaws with Agga Maha Saddhama Jotikadhaja, 25 Sayadaws with Agga Maha Ganthavacaka Pandita, 13 Sayadaws with Agga Maha Kammatthanacariya, and three nuns with Agga Maha Kammatthanacariya were presented with those titles and offertories. And 14 laypeople were presented with Sasana Nuggaha and insignia. *See Page 14*



Daw Kyu Kyu Hla presents Agga Maha Thiri Thuddhama Theingi Title to a recipient.



Daw Kyu Kyu Hla presents Thiri Thuddhama Theingi Title to a recipient.

# 52 local companies export more than 190,000 tons of rice and broken rice in February 2023

**Nay Pyi Taw March 5**

The Myanmar Rice Federation on 3 March stated that a total of 52 local companied sent more than 190,000 tons of rice and broken rice abroad in February 2023.

Rice flew into 28 customer countries and broken rice to 13 countries, totalling 41 countries during the period.

In this regard, a total of 106,855 tons of rice and 84,549 tons of broken rice, totalling 191,404 tons were exported to customer countries.

A total of 137,753 tons of rice and broken rice were exported in shipping and 53,651 tons through land borders.



Bags of rice being loaded onto a ship.

In February 2023, rice was mostly sent to China, the Philippines, Turkiye, Spain and Poland and broken rice to China, Belgium, the Netherlands, Spain and United Kingdom.

China stands top by buying 45,000 tons of rice, followed by 19,341 tons by the Philippines, 9,660 tons by Turkiye, 9,000 tons by Spain and 5,550 tons by Poland.

China also stands top in purchasing 64,321 tons of broken rice, Belgium 8,250 tons, the Netherlands 4,250 tons, Spain 2,825 tons and United Kingdom 1,500 tons.

More than 190,000 tons of rice and broken rice were exported to foreign countries against the target of more than 150,000 tons in February 2023.

336

# Slaughter house licences, slaughter licences in Yangon Region may be applied for 2023-24 fiscal year

**Yangon March 5**

The Yangon City Development Council on 2 March stated that businesspersons may apply for licences to operate slaughter houses and slaughter in Yangon Region in 2023-24 fiscal year.

The committee will allow licences for operating slaughter houses and slaughter licences in relevant townships in line with the prescribed rules and regulations set by the veterinary and production department of the committee.

Licences will be allowed for operating the slaughter houses in Ywathagyi buffalo, cow, sheep and goat slaughter house, Ywathagyi pit slaughter house, Insein Ywama pig slaughter house, Hlinethaya buffalo, cow, sheep and goat slaughter houses in the livestock and livestock production zone and Shwepyitha sheep and goat slaughter house.

Moreover, meat production licences will be allowed for Dala buffalo, cow and pig meat production house and Seikkha-Naungto buffalo and cow production house.

Those wishing to apply for licence may submit the CV and data for meat production licence on www.ycdc.gov.mm from 10 to 20 March 2023.

For further information, dial 09-5125303. The licence winners need to distribute healthy meat to markets in Yangon municipal area of Yangon Region under the disciplines of the veterinary and livestock management department.

336

# MJC, UMFCCI to continue cooperation in human resource development, private sector development

**Yangon March 5**

The Republic of the Union of Myanmar Federation of Chambers of Commerce and Industry on 3 March stated that Myanmar Japan Centre-MJC and UMFCCI will continue their cooperation in development of human resources and private sector.

Myanmar Japan Centre is provided by JICA for private sector development in cooperation with IMFCCI.

Since their cooperation, both institutions have been jointly conducting the training courses in order to contribute to business community and youth affairs.

During the 10 years period, MJC has conducted many business courses. MJC project has completed on 31 March 2023.

Now, both sides agreed to extend the term of institution for three more years. Hence, the centre prioritizes conducting youth leader programmes within three years till March 2026.

Senior Representative MR Ono Shantaro of JICA Myanmar, Chief Advisor to the MIC Mr Kunihiro Yamauchi and officials held the meeting with officials of UMFCCI to talk about development of human resources and private sector on 1 March 2023.

336



Daw Than Than Nwe presents Thiri Thuddhama Theingi Title to a recipient.

From Page 13

The remaining recipient Sayadaws, nuns and persons were also presented with their titles by the officials of Nay Pyi Taw Council Area, Regions and States.

After the ceremony, the Senior General together with his wife, the Vice-Senior General and wife, the Thai Deputy Prime Minister and Foreign Affairs Minister, the SAC's secretary and joint secretary and Union ministers, paid homage to Abhidhaja Maha Rattha Guru title-recipient Sayadaw Somdet Phramahathirachan of Thailand at the parlour of the museum, Pitakat Taik and Mawgun Taik in the Uppatasanti Pagoda precinct, supplicated on religious matters and sought Ovadha.

The Sayadaw presented Buddha statues as Dhamma gifts to the Senior General and party and posed for documentary photos.

Later, a rice-offering ceremony took place. The Senior General and wife, the Vice-Senior General and wife, the secretary and joint secretary of SAC and their wives, Union level officials, Union ministers and their wives, senior officers from the Office of the Commander-in-Chief and wives, departmental personnel and well-wishers offered rice and alms to the title-recipient Sayadaws, members of the Sangha and nuns. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စိန်တစ်လုံးသရက်သီး အလုံးရေ ၅၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိ



**မော်လမြိုင်ကျွန်း မတ် ၅**

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ စိန်တစ်လုံးသရက်သီးများ စတင်ပေါ်ချိန် အလုံးရေ ၅၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေခြင်းကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် သရက်သီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် လက်ရှိ စိန်တစ်လုံးသရက်သီးများ စတင်ထွက်ရှိနေကြောင်း ယခင်နှစ် သရက်သီးပေါ်ချိန်က စိန်တစ်လုံးသရက်သီးအလုံးရေ ၅၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၁၇၅၀၀ ထိသာ ဈေးရှိပြီး ၂၀၂၃ ခုနှစ် လက်ရှိ သရက်သီး စတင်ပေါ်ချိန်တွင် အလုံးရေ ၅၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိသဖြင့် ကုန်ကျစရိတ်ထက် ပိုမိုရရှိသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးတဲ့လုပ်ငန်းရှင်တွေအနေနဲ့က အရင်နှစ်က သရက်ဈေးကွက်ပျက်ခဲ့ပြီး သရက်စိုက်တောင်သူတွေအနေနဲ့ အရှုံးပေါ်ခဲ့ပါတယ်။ ဒီနှစ်တော့ စိန်တစ်လုံးသရက်သီးကင်း စတင်သီးချိန်ကတည်းက ပွဲစားတွေက ရွာထဲဆင်းပြီး ခြံမြှတ်ဈေးဖြတ်ပြီး ဝယ်ယူထားတာကြောင့် ဈေးရနေတာပါ။ အရင်နှစ်တွေက သရက်သီးပွဲစားတွေ လာရောက်ဝယ်ယူတာကို မရှိခဲ့တာ။ လက်ရှိ အရောင်းအဝယ်ကရှိနေတော့ အဆင်ပြေတယ်လို့ပဲ ပြောရမယ်။ ဒီဘက်က သရက်သီးတွေက ပြုစုမှုအားကောင်းတော့ ထွက်ရှိလာတဲ့အသီးတွေက ကောင်းမွန်တဲ့အတွက် ဈေးကောင်းရတာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် သရက်သီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စိန်တစ်လုံးရက်သီးအမျိုးအစားကို ကျေးရွာ ၁၇ ရွာမှ ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များက အများဆုံး စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ အဆိုပါ ထွက်ရှိလာသည့် သရက်သီးများကို စနစ်တကျခူးဆွတ်ပြီး အလုံးရေ ၅၀ ဝင်ခြင်းများအတွင်း သို့ထည့်၍ ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို တင်ပို့ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အမ်းမြို့နယ် မီးလောင်ချောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အမ်း မတ် ၅**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အမ်းမြောက်ကျေးရွာအုပ်စု မီးလောင်ချောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ မီးလောင်ချောင်းကျေးရွာ၌ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်မှာကြားပြီး ကျေးရွာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အမ်းမြို့နယ် မီးလောင်ချောင်းကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက်ပေ ၃၀ရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၈၈၀၅ သန်းဖြင့် ရွှေထူးကြီးကုမ္ပဏီမှ တာဝန်ယူ၍ ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၇၀၊ လူဦးရေ ၄၁၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များတွင် နွေစပါး ၁၀၄၄ ဧက စိုက်ပျိုးပြီးစီး

**လားရှိုး မတ် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွမ်းလုံမြို့နယ်များတွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးလျာထား ၁၀၇၇ ဧကကို ဖေဖော်ဝါရီလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လားရှိုးခရိုင်ထဲက မြို့နယ်တွေမှာ ဒေသတွင်းဆန်ဖူလုံမှုရှိစေဖို့အတွက် နွေစပါးကို မြို့နယ်အလိုက် စိုက်ပျိုးလျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နွေစပါးတွေ အချိန်မီစိုက်ပျိုးနိုင်စေဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေ၊ မျိုးကောင်း၊ မျိုးသန့်မျိုးစပါးတွေကို ရရှိစေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တဲ့စိုက်ပျိုးရေးနဲ့ သွင်းအားစုတွေ လုံလုံလောက်လောက်ရရှိစေဖို့အတွက်လဲ စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ စံပြစိုက်ကွက်တွေကိုလဲ မြို့နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ ရာသီအလိုက် ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေကိုလဲ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက စိုက်ကွင်းထဲအရောက် လိုက်လံပညာပေးဆောင်ရွက်ပေးသွားမှာပါ"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်အတွင်း မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ လားရှိုးမြို့နယ်တွင် နှစ်ဧက၊ သိန္နီမြို့နယ်တွင် ၉၂၅ ဧက၊ မိုင်းရယ်မြို့နယ်တွင် ၁၁၇ ဧက စုစုပေါင်း ၁၀၄၄ ဧကဖြစ်ကြောင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၅၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၇၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



ထိုင်းနိုင်ငံမှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် Somdet Phramahathirachan အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက ဖူးမြော်ကြည်ညို၍ သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူစဉ်။



ထိုင်းနိုင်ငံမှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် Somdet Phramahathirachan က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗုဒ္ဓဆင်းတုတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးရဲထွန်း(ခ)ဦးရဲတင်ထွန်း၊ ဦးလှအေး(ခ)ဦးအားတီနှင့် ဦးဘောရင်နယ်(ခ)ဦးခင်မောင်လွင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်မြသိန်း၊ ဒေါ်သင်းသင်းနှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်နန်းမြင့်မြင့်ဝင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးကသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်ခင်မာချိုနှင့် ဒေါ်အေးမြလွင်တို့ကိုလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော် ၄၀၃ ပါး၊ သီလရှင် ဆရာကြီး ၃၈ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအပါး ၃၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၄ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်





ဆရာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီးဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

ယင်းနောက် ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဗုဒ္ဓဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စေတီတော်ပတ်လမ်းရှိ သက်ဆိုင်ရာ မဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တော်အတွင်းရှိ ဧည့်ခန်းမ၌ ထိုင်းနိုင်ငံမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် Somdet Phramahathirachan အား ဖူးမြော်ကြည်ညို၍ သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။



သံဃာတော်အရှင်သူမြတ်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဆွမ်းဆန်စိမ်းများလောင်းလှူစဉ်။

☆ **ကျောဖုံးမှအဆက်**

ပတ္တမြားကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌသာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး သံဃာတော်များကို ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓပူဇနိယပွဲတော်နှင့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါဘုရား၏ မြောက်ဘက် ရှင်ဥပဂုတ္တရေကန်ရှေ့တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြကာ မြန်မာ့ရိုးရာ ဆင်အကအလှ၊ တိုင်းရင်းသားရိုးရာအကအလှများနှင့် မြန်မာ့ရိုးရာ ခြင်းလုံးအလှပြကစားပွဲများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေစာရံဘုရား တောင်ဘက်စောင်းတန်းအဆင်း ဒုဋ္ဌဝတီမြစ်၌ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဇီဝိတဒါနငါးလွှတ်ကြပြီး တိုင်းရင်းသားရိုးရာပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချမှုတို့ကို လှည့်လည်ကြည့်ရှု၍ ပွဲတော်လာပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေစာရံဘုရားကြီးအား ရွှေသင်္ကန်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တယောသိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာကြား၍ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၅**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြူချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၇၄ ဦးကို ၎င်းကျေးရွာရှိ အဒေါင် အအေးခန်းစက်ရုံ(ဟောင်း)၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၃ ဦး၊ ခွဲစိတ်ရောဂါဦးရေ ၄၀၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၃ ဦး၊ မျက်စိရောဂါ ၁၉၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူအထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ခြောက်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒေသခံ မျက်စိခွဲစိတ်လူနာတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အခုလို ကျွန်မတို့တွေလိုမျိုး၊ တခြားမတတ်နိုင်တဲ့ သက်ကြီးရွယ်အိုတွေပေါ့ အဲ့ဒီလိုမျိုးလူတွေအတွက် ယခုလိုမျိုး အချိန်ပေးပြီးတော့ လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာပါတယ်။ အထူးလည်း ကျေးဇူးတင်ပါတယ်။ အဆင်ပြေတဲ့သူကတော့ နေရာဒေသအသီးသီးမှာသွားပြီးတော့ ပြနိုင်တယ်ပေါ့။ အဆင်မပြေတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ဒီလိုပဲငွေရေးကြေးရေး အခက်အခဲရှိတဲ့သူတွေကျတော့ အခုလိုမျိုးလာရောက်ပြီးတော့ ကုသပေးတဲ့အတွက် အဆင်ပြေတယ်ပေါ့နော်။ အဲ့ဒါကြောင့် နောက်နှစ်တွေမှာလည်း လာပြီးတော့ ဒီလိုပဲ တစ်နှစ်တစ်ကြိမ်ပဲဖြစ်ဖြစ် အဆင်ပြေသလိုလေး လာပြီးတော့ ကုသပေးတယ်ဆိုရင်တော့ ဒေသခံပြည်သူတွေအတွက် ကောင်းပါတယ်ရှင့်။ ကိုယ်ကျိုးစီးပွားမဟုတ်ဘဲနဲ့ အခုလိုမျိုး တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျန်းမာရေးကိုအလေးထားပြီးတော့ အခုလိုမျိုး လာရောက်ကူညီပြီး အချိန်ပေးပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ ကုသပေး၊ ဆေးဝါးတွေကိုလည်း အခမဲ့ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနှင့် ဝန်ထမ်းတွေအားလုံးကိုပေါ့ အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ကို လိုင်းပေါ်ကကော၊ ပြီးတော့ ကျွန်တော်တို့ကို ဒီကရွာပေါင်းစုံ အုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်ပြီးတော့ ဒီဟာတွေကို အသိပေးထားပါတယ်။ ဒီလိုလာရောက် ကုသပေးတဲ့အတွက် ကောင်းတာပေါ့။ မရှိဆင်းရဲသားတွေ အများကြီးကလည်း အားကိုးလို့ရတယ်။ ဒီလိုဆရာဝန်ပေါင်းစုံ လာတဲ့အတွက် ရောဂါပေါင်းစုံပြလို့ရတဲ့အတွက် ဒေသခံတွေအနေနဲ့ အများကြီးဝမ်းသာကြပါတယ်။ ဒေသခံတွေအတွက်ကတော့ ဒီလိုအမြဲတမ်းလာပေးနေနိုင်ရင် အများကြီးကောင်းတာပေါ့။ ကျန်းမာရေးအခက်အခဲကတော့ ကျွန်တော်တို့ သံတွဲခရိုင်ဆေးရုံကြီးနဲ့လည်း ခရီးကမိုင် ၃၀ နီးပါးဝေးတယ်။ ပြီးတော့ တိုက်နယ်ဆေးရုံတွေမှာလည်း ဆရာဝန်ရှားပါးတာတွေကြောင့်ဆိုတော့ အခက်အခဲတော့ရှိပါတယ်။ အဖွဲ့ဝင်တွေကိုလည်း ဒီလိုမျိုးမရှိဆင်းရဲသားတွေကို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

"ဒီမျက်စိတွေက မကောင်းလို့လေ။ မျက်စိတွေကမကောင်းတော့ မနေနိုင်တော့လာပြတာပါ။ အရင်အခြေအနေကတော့ ကြည့်လို့မကောင်းဘူးလေ။ အခုကတော့ ကြည့်လို့ကောင်းသွားတာပေါ့။ နေရောင်ကိုမကြည့်နိုင်၊ မှောင်ရင်လည်း လုံးဝမကြည့်နိုင်ဘူး။ ဘာမှလည်းမမြင်ရဘူး အရိပ်အယောင်ပဲမြင်ရတယ်။ မျက်စိအခြေအနေကလည်း ကောင်းသွားပြီ။ အခြေအနေကောင်းတယ်။ အဆင်ပြေတယ်။ ကျေးဇူးလည်းတင်တယ်။ ဝမ်းလည်းသာတာပေါ့။ အများကြီးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။











အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

# (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၅**

(၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေး (ဒဲဉ်သီ;ဇွေ) ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသားများက ပအိုဝ်းအမျိုးသားအလံ သယ်ဆောင်၍ အလံကိုလွှင့်တင်ပြီး အလေးပြုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပအိုဝ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိရာ ယခုထိ (၇၄)နှစ်မြောက်ရှိပြီဖြစ်ကြောင်း၊ ပအိုဝ်းအမျိုးသားနေ့ကို သာမန်ကျင်းပခြင်းမျိုးမဟုတ်ဘဲ ပိုမိုကျယ်ပြန့်သစ်လွင်သည့် အဓိပ္ပာယ်နှင့် အနှစ်သာရကိုဆောင်ယူမည့် နေ့ထူးရက်မြတ်အဖြစ် ပြောင်းလဲကျင်းပလာသည်ကိုတွေ့ရှိရပါကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းတိုင်းရင်းသား ဒေသခံများ အနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုရလဒ် အသီးအပွင့်များကို ခံစားနေသည်ကိုလည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြင့် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာနေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့၏ ဘာသာဓလေ့ထုံးစံများကို အမြတ်တနိုး ကျင့်သုံးလိုက်နာစောင့်ထိန်း နေထိုင်ကြသည့်အတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို တိုင်းရင်းသားပြည်သူအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် ဦးအောင်ခမ်းထီထံမှ ပေးပို့သော သဝဏ်လွှာကို ပအိုဝ်းစာပေယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်မင်းကျော်က ဖတ်ကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ပွဲတော်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်သို့ တက်ရောက်လာကြသော ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မန္တလေးတိုင်းဒေသကြီး ခရိုင် ခုနစ်ခရိုင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

## မတ် ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၄၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၁၀ ဦး |

**နေပြည်တော် မတ် ၅**

မတ် ၄ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

➢ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၀ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➢ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊အဝေးပြေးခရီးသည်တင်ယာဉ်များ၊မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊တက္ကစီယာဉ်များ၊ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

➢ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး မပျက်မကွက် ပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

➢ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန် မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာနေရာများ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး





ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်စဉ်။

ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ အသီးသီးတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ ဆရာတော်ကြီးများက သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားပြီး ဆရာတော်၊သံဃာတော်များက ပရိတ်တရားများရွတ်ပွားချီးမြှင့်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ တာဝန်ရှိသူများက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆရာတော်ကြီးများထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးကို ဘွဲ့တံဆိပ်တော်ချီးမြှင့်စဉ်။

# တိုင်းဒေသကြီးအတွင်း နွေစပါး ၂၀၆၈၇၃ ဧက၊ ဆီထွက်သီးနှံ ၁၆၇၉၄ ဧက၊ နေကြာ ၈၉၆၉ ဧကနှင့် ပဲမျိုးစုံသီးနှံတို့ကို ယမန်နှစ်ထက်တိုးချဲ့စိုက်ပျိုးထား

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့ဖြင့် တိုင်းဒေသကြီး၏စီးပွားရေးကို မြှင့်တင်လျက်ရှိပြီး ဆန်စပါးစားသုံးမှုနှင့် စားသုံးဆီဖူလုံမှုရှိစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စိုက်ပျိုးရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ နွေစပါး ၂၀၆၈၇၃ ဧက၊ ဆီထွက်သီးနှံ ၁၆၇၉၄ ဧက၊ နေကြာသီးနှံ ၈၉၆၉ ဧကနှင့် ပဲမျိုးစုံသီးနှံတို့ကို ယမန်နှစ်ထက်တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌ ခရိုင်ကိုးခုတွင် မိုးစပါးကိုလည်းကောင်း၊ ခရိုင်ရှစ်ခုတွင် နွေစပါးနှင့် နေကြာသီးနှံကိုလည်းကောင်း စိုက်ပျိုးခဲ့ပြီး နွေစပါးကို မြို့နယ် ၁၅ မြို့နယ်၊ ဆီထွက်သီးနှံကို မြို့နယ် ၁၆ မြို့နယ်နှင့် နေကြာသီးနှံကို မြို့နယ် ၁၆ မြို့နယ်တို့တွင် စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးတောင်သူတို့လိုအပ်သော ယူရီးယားဓာတ်မြေဩဇာကို မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ ထုတ်ယူ၍ မိုးစပါး၊နွေစပါးနှင့်ဆောင်းသီးနှံစိုက်ဧရိယာအတွက် ဓာတ်မြေဩဇာ ၄၆၀၈ တန်ကို ဖြန့်ဖြူးပေးခဲ့ကာ မျိုးနေကြာ ၈၉၆၃ ဧကကိုလည်း ထောက်ပံ့ခဲ့သည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ် ခုနစ်မြို့နယ်တွင် ပဲတီစိမ်း ၃၀၃၄ ဒသမ ၆၈ ဧကနှင့်မြို့နယ် ကိုးမြို့နယ်၌ နွေစပါး ၁၁၈၆၄ ဧကအတွက် စာချုပ်ချုပ်ဆိုခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုတို့ကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဝေနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ၂၀၅၅၅၄ ဧက လျာထားရာ၌ ၂၀၆၈၇၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး နွေကြိုစိုက်ပျိုးခဲ့သော နွေစပါး ၆၁၁၂ ဧကကို ရိတ်သိမ်းနိုင်ခဲ့ကာ တစ်ဧကလျှင် ၇၆ ဒသမ ၃၂ တင်းထွက်ရှိခဲ့သည်။ ဆီထွက်သီးနှံတွင်လည်း မိုးမြေပဲ ၈၁ ဧကနှင့် ဆောင်းမြေပဲ ၂၇၉၉ ဧကစိုက်ပျိုးခဲ့ပြီး မိုးမြေပဲတစ်ဧကလျှင် ၂၇ ဒသမ ၈၉ တင်းထွက်ရှိ၍ဆောင်းမြေပဲ ၁၁၅ ဧကကို ရိတ်သိမ်းရာ၌ တစ်ဧကလျှင် ၅၀ ဒသမ ၂၃ တင်း ထွက်ရှိခဲ့သည်။ ဆောင်းနှမ်း ၄၉၃၁ ဧက၊ နွေနှမ်း ၁၄ ဧကမိုးနေကြာ ခြောက်ဧကနှင့်ဆောင်းနေကြာ ၈၉၆၃ ဧကစိုက်ပျိုးခဲ့ရာ မိုးနေကြာလေးဧကကို ရိတ်သိမ်းရာ၌ တစ်ဧကလျှင် ၁၀ ဒသမ ၇၅ တင်း ထွက်ရှိခဲ့သည်။

မိုးစပါးကို ဒဂုံမြို့သစ်ခရိုင်၊ သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ မှော်ဘီခရိုင်၊ လှည်းကူးခရိုင်၊တိုက်ကြီးခရိုင်၊မင်္ဂလာဒုံခရိုင်၊အင်းစိန်ခရိုင်နှင့် အလုံခရိုင်တို့တွင် ၁၁၄၃၆၉၆ ဧက စိုက်ပျိုးခဲ့ပြီး ၁၁၄၀၃၃၉ ဧကရိတ်သိမ်းနိုင်ခဲ့ရာ တိုင်းဒေသကြီးတစ်ခုအနေဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့သည်။ နွေစပါးတွင် အလုံခရိုင်မှအပ ကျန်သောခရိုင်ရှစ်ခုရှိ မြို့နယ်တို့တွင် ၂၀၆၈၇၃ ဧက စိုက်ပျိုးခဲ့ပြီး ၆၁၁၂ ဧကရိတ်သိမ်းထား၍ ၁၀၀ ဒသမ ၆၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သည်။ နေကြာသီးနှံတွင် အလုံခရိုင်မှအပ ကျန်သောခရိုင်ရှစ်ခုတွင် ၈၉၆၃ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၅ ဒသမ ၉၉ ရာခိုင်နှုန်းဖြင့် လျာထားချက်ထက်တိုးမြှင့်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တောင်ငူမြို့ရှိ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော် စောင်းတန်း၌ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ သံဃနာယကအဖွဲ့ တောင်ငူမြို့ ကြာနီကန်စာသင်တိုက်ဦးစီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ အမှူးပြုသောသံဃာတော်များ ကြွရောက် တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။



သံဃာတော်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြာနီကန်စာသင်တိုက်ဦးစီး ပဓာနနာယကဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။



ပြည်သာလင်းအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့ကို သံဃာတော်များနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ အလှူရှင်များက ရွှေထီးတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

# လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် ပြည်သာလင်းအေး စေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့ကို ရွှေထီးတော်တင် အလှူတော်မင်္ဂလာပြုလုပ်

**နေပြည်တော် မတ် ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် ပြည်သာလင်းအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့ကို ရွှေထီးတော်တင် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ကရင်ပြည်နယ် ဒုတိယမြိုင်ကြီးငူဆရာတော် မဟာမင်္ဂလာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်ပိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူနှင့် မိသားစု၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သာလင်းအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့တွင် တင်လှူပူဇော်မည့် ရွှေထီးတော်များကိုပင့်ဆောင်၍ စေတီတော်ကို လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သာလင်းအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ထီးတော်တင်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ပွဲတော် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ ပွဲတော်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်လှသိန်းက ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့သမိုင်းကြောင်းများနှင့် ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးက ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများပေးအပ်ရာ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်မောင်လှက လက်ခံရယူခဲ့သည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်သည်။ ယင်းနောက် ပအိုဝ်းတိုင်းရင်းသားများက ယဉ်ကျေးမှုရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်

**နေပြည်တော် မတ် ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှ မတ် ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page ၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လားရှိုးမြို့၌ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်



လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရွှေကြာသင်္ကန်းကပ်လှူပူဇော်စဉ်။

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ လားရှိုးမြို့ရှိ မဟာဗောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓာရုံ ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မုခ်ဝအသီးသီးရှိ မုဒြာရုပ်ပွားတော်မြတ်များကို ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် (ကထိကဆရာတော်) ဘဒ္ဒန္တဥပါမောက္ခထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတို့၌ သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြပြီး သံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မူဆယ်မြို့ရှိ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အဆိုပါမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဒုတိယအကြိမ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ရေစက်ချအနုမောဒနာ အခမ်းအနားကျင်းပ



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ရေစက်ချအနုမောဒနာ အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် မတ် ၅**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ရေစက်ချအနုမောဒနာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ချမ်းသာကြီးတန်ဆောင်း၌ပြုလုပ်ရာ ရွှေတိဂုံစေတီတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒွိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတ အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ၂၆၁၁ နှစ်မြောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်တစ်ဦးက ဗုဒ္ဓပူဇနီယမင်္ဂလာ ရေစက်ချအနုမောဒနာစာတမ်း ဖတ်ကြားလျှောက်ထားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာကြားကြကာ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ကျိုင်းတုံမြို့ရှိ ဓာတ်စွမ်သီရိကျောင်းတိုက်၏ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဓာတ်စွမ်သီရိကျောင်းတိုက်၏ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း အပါး ၁၀၀၀ တို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၆-၃-၂၀၂၃ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဇေဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၂း၁၅ | Music Time (Special) |
| ၄။ | ၁၆း၅၀ | သွေးချင်းတို့ဌာနေ |
| ၅။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# ခန္တီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၅**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ်၊ ကျေးရွာများထိသွားရောက်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် သာယာကုန်းကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၉၈ ဦးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်ရှိ မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၃၅ ဦးတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို နယ်မြေခံ ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

0 w Kv H @

# အနှစ်ကလေးပို့

မင်းရွှေမင်း(တောင်ကုတ်)




(၁)

"သမီးရေ မေမေ့ကို ဆေးလာလူးပေးပါအုံးကွယ်။ မေမေ နေလို့မရတော့ဘူး။ ပေါင်ကြောတွေကော ခါးကြောတွေပါ တောင့်တင်းနေတယ်။ ဟောဒီ ညာဘက်လက်မောင်းကလဲ မြှောက်လို့မရဘူး။ ဆေးမြန်မြန်လာလူးပေးပါအုံးသမီးရယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါမေမေ။ သမီး ထမင်းအိုးငှဲ့နေလို့ပါ။ လာခဲ့မယ်နော် မေမေ။ ခဏလေးနော်"

ဒေါ်ကျင်ရွှေမှာ အသက် ၇၀ ကျော်လာပြီဖြစ်၍ ဇရာ၏ဖိစီးမှုကြောင့် တစ်ကိုယ်လုံးကိုက်ခဲသည့်ဝေဒနာ ခံစားနေရသဖြင့် မြန်မာတိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးများပါ သုံးစွဲနေသည်မှာ နှစ်တော်တော်ကြာခဲ့ပြီဖြစ်သည်။ ဒေါ်ကျင်ရွှေ၏အိမ်မှာလည်း သမီးမရွှေသဇင်နှင့် အဖေကြီး၊ အမေကြီး စုစုပေါင်းသုံးယောက်သာရှိကြသည်။ ကျန်သားသမီးနှစ်ယောက်မှာ သူ့အိမ်ထောင်နှင့်သူ နယ်တွင်ရောက်နေကြသည်။ သမီးထွေးလေး မရွှေသဇင်မှာ စီးပွားရေးတက္ကသိုလ်မှဘွဲ့ရရှိထားပြီးသော်လည်း မည်သည့်ဝန်ထမ်းအလုပ်ကိုမျှ မလုပ်ကိုင်နိုင်ဘဲ မိဘနှစ်ပါးကို ချက်ပြုတ်ကျွေးမွေး ပြုစုစောင့်ရှောက်ရင်း အပျိုကြီးဘဝဖြင့် အိမ်ဆိုင်လေးဖွင့်ကာ မုန့်တန်းနှင့် အလယ်တန်းကလေးများကို ကျူရှင်သင်ပြပေးရင်း အိုးမကွာအိမ်မကွာလုပ်ကိုင်နေရသည်။

ဖခင်ကြီးဦးရွှေမောင်မှာ အသက် ၈၀ ကျော်ခဲ့ပြီဖြစ်ပြီး အစိုးရဌာနတစ်ခုမှ ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူထားသူတစ်ဦးဖြစ်သည်။ ကျန်းမာရေးကို လိုက်စားတတ်သဖြင့် ကျန်းမာရေးကောင်းမွန်သည်။ နေ့စဉ် နံနက်ခင်းနှင့် ညနေခင်းတို့တွင် ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ရှိပြီး အချိန်မှန်အိပ်စက်စားသောက်ကာ သုတ၊ ရသစာပေများကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာ၍ ဗဟုသုတများရှာဖွေမှတ်သားနေလေ့ရှိတတ်သည်။ တစ်ခါတစ်ရံ သမီးမအားလပ်သည့်အခါများတွင် ဇနီးသည်ဒေါ်ကျင်ရွှေကို ဆေးလူး၊ ဆေးတိုက် ပြုစုပေးရသည့်အခါများလည်းရှိသည်။

"အမေကြီးမှာ ဒီလောက်ဆေးလူး၊ ဆေးစားလုပ်နေတာတောင် တစ်ခါမှ သက်သာတယ်လို့မကြားရပါလားကွာ။ လမ်းထိပ်ကဆေးခန်းကိုလဲ သွားနေရတာ အခေါက်ပေါင်းမရေတွက်နိုင်တော့ဘူး။ အိမ်မှာ အားဆေးလာသွင်းပေးတာလဲ ပုလင်းပေါင်းမရေတွက်နိုင်တော့ဘူး။ မင်းတစ်ကိုယ်လုံးလဲ ဆေးလူးလွန်းလို့ ဆေးနံ့တွေနံစော်နေပြီ။ ဒါလဲ မသက်သာသေးဘူးလားကွာ"

"ဩော်. . . အဖေကြီးရယ် ရောဂါကို ဘယ်သူကဖြစ်ချင်ပါ့မလဲတော်။ မလွဲသာလွန်းလို့ အနှိပ်ခံ၊ ဆေးသောက်၊ ဆေးလူးလုပ်နေရတာပေါ့။ အမယ်လေး ကျွတ် ကျွတ် ဒီညာဘက်လက်မောင်းက လှုပ်လို့ကိုမရဘူး။ ဘာကိုမှ မ လို့မရဘူးဖြစ်နေတယ်။ သမီးတို့ပြန်မရောက်ကြသေးဘူးလား။ အား ကျွတ် ကျွတ်"

(၂)

ဒေါ်ကျင်ရွှေ၏အနီး၌ နှိပ်ပေးရန်၊ ကျောကုန်းလက်ပြင်တို့ကို ဆေးလူးပေးရန် တစ်ဦးတစ်ယောက်အမြဲရှိနေရန်လိုအပ်သည်။ ယနေ့တွင် သမီးဖြစ်သူမှာ မနက်စောစောထပြီး ရန်ကုန်ဘူတာကြီး၌ ဧည့်သည်များကိုကြိုရန် သွားနေရသည်။ ပြန်မရောက်သေး။ ထိုဧည့်သည်ဆိုသည်မှာလည်း အခြားမဟုတ်။ သမီး မရွှေသဇင်၏ယောက်မ။ မရွှေသဇင့်အထက် အစ်ကိုကြီးဖြစ်သူ၏မိန်းမ။ ကလေးတစ်ယောက်မိခင်။ ကလေးငယ်မှာ တစ်နှစ်သားအရွယ်ယောက်ျားလေး။ ရန်ကုန်မြို့သို့ အလုပ်ကိစ္စဖြင့် နေပြည်တော်မှ ခေတ္တလာရောက်ခြင်းဖြစ်သည်။ သမီးအပျိုကြီးမရွှေသဇင်မှာ မိဘနှစ်ပါးကို ချက်ပြုတ်ကျွေးမွေး၊ အဝတ်လျှော်၊ ကလေးများကိုကျူရှင်ပြ၊ မိခင်ကြီးကို နင်းနှိပ်၊ ဆေးလူး၊ ဆေးတိုက်၊ ပြုစုလုပ်ကိုင်ပေးရင်း တစ်နေကုန်အားလပ်သည်မရှိ။ ဟိုဟိုသည်သည်လျှောက်မလည်အား မိခင်ကြီးဒေါ်ကျင်ရွှေကလည်း ခဏခဏညည်းညူအော်ခေါ်နေတတ်သည်။ တစ်နေ့တွင်-

"သမီးရေ"

"ရှင် ဖေဖေ"

"သမီး ဒီနေ့ သတိထားမိသလား။ သမီး မေမေလေ ဒီနေ့ တိတ်ဆိတ်လွန်းတယ်။ အခု နေ့လယ်ရောက်တဲ့ထိ ဘာညည်းညူသံမှမကြားရသေးဘူး။ ဆေးလိမ်းပေးဖို့လဲ အော်ခေါ်သံမကြားရသေးဘူး။ ဒီနေ့ ထူးဆန်းနေတယ်နော်သမီး"

"ဟုတ်တယ်နော်ဖေဖေ သမီးလဲ ကလေးတွေကို စာပြရင်း၊ ချက်ရင်းပြုတ်ရင်းနဲ့ မအားဘူးဖြစ်နေလို့ သတိမထားမိဘူး။ အခု သမီးသွားကြည့်လိုက်မယ်နော် ဖေဖေ"

"အေး သွားကြည့်လိုက်လေ"

ဖခင်ဦးရွှေမောင်နှင့် သမီးမရွှေသဇင်တို့သားအဖနှစ်ယောက် မိခင်ကြီးဒေါ်ကျင်ရွှေ၏အခန်းသို့ အပြေးအလွှားသွားကြည့်လိုက်ကြသည်။

(၃)

"အို. . . အခုတော့ တယ်ဟုတ်နေပါလားကွဟေ ဟဲ ဟဲ"

ဒေါ်ကျင်ရွှေမှာ တစ်နှစ်သားအရွယ်မြေးငယ်လေးကိုပွေ့ပိုက်ပြီး အိပ်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ပါးစပ်ကလည်း "တစွပ်စွပ် တအိမ့်အိမ့်"အသံမျိုးစုံတို့ဖြင့် တိုးညင်းညင်းသာစွာ ချော့မြှူသိပ်နေသည်ကိုတွေ့လိုက်ရ၍ ဖခင်ကြီးဦးရွှေမောင်နှင့် သမီးမရွှေသဇင်တို့မှာ အံ့သြခြင်း၊ ဝမ်းသာခြင်းပီတိမျိုးကို ထိတွေ့ခံစားလိုက်ကြရပါတော့သည်။

"ဩော်. . . မေမေက ဆေးကောင်းတွေ့နေပြီပဲ။ ဒါကြောင့် ဒီကလေးတစ်ယောက်ကိုတောင် မ၊ ချီပွေ့ပိုက်ပြီး ခေါက်တုံ့ခေါက်ပြန်အချိန်အကြာကြီးလျှောက်နေတာတောင် ဘာမှမဖြစ်ဘူး။ ဘာမှလဲ ညည်းညူသံမကြားရဘူး။ အမြဲကိုက်ခဲနေတဲ့ ညာဘက်လက်မောင်းကလဲ မနာ၊ မကိုက်တော့ဘူး။ မြှောက်လို့လဲရနေပြီ။ အင်း အခုမှပဲ မေမေ့အတွက် အစွမ်းထက်တဲ့ဆေးကောင်းတစ်လက်တွေ့ရပြီ။ ကဲ. . . ဖေဖေရေ ဒီအတိုင်းသာဆိုရင်တော့ ဒီမြေးလေးကို ဒီမှာပဲထားခဲ့ပေးပါလို့ ကလေးအမေ အစ်မစန္ဒာအေးကို တောင်းဆိုရတော့မယ်ထင်တယ်နော်ဖေဖေ။ ဟဲ ဟဲ တကယ်ပါ မေမေကတော့ ဟဲ ဟဲ ဟဲ"

သမီးမရွှေသဇင်၏ ပြောစကားကြောင့် ဖေဖေဦးရွှေမောင်နှင့် သမီးမရွှေသဇင်တို့သဘောကျပြီး တဟဲဟဲဖြင့် ရယ်နေကြသလို မိခင်ကြီး ဒေါ်ကျင်ရွှေကလည်း မြေးကလေးကိုချီပိုး မ ထားရင်း ပြုံးရွှင်ပေါ့ပါးလန်းဆန်းသောမျက်နှာဖြင့် ပြန်ပြောလိုက်သည့် ပီတိစကားသံကတော့-

"အို. . . သမီးကလဲ ဒါက အမေ့မြေးလေးပဲ သမီးရယ် ဟဲ ဟဲ။ အေးလေ သမီး နောက်တော့သိလာမှာပါကွယ်။ အခုတော့ ဘယ်သိအုံးမလဲလေ။ သမီးမှတ်ထား။ မေမေတို့မြန်မာဆိုရိုးစကားတစ်ခုရှိတယ်။ သမီးလဲ ကြားဖူးမှာပါ။ သားအချစ် မြေးအနှစ်တဲ့နော်။ မြေးလေးက ဘွားဘွားရဲ့အနှစ်ကလေးနော်။ ဟဲ ဟဲ ရွှတ် ရွှတ်"

အဘွားဒေါ်ကျင်ရွှေက မြေးအနှစ်ကလေးကို ပွေ့ချီထွေးပိုက်ရင်း မြေးကလေး၏ပါးပြင်လေးနှစ်ဖက်ကို တရွှတ်ရွှတ်ဖြင့် နမ်းရှုပ်လျက် ပြုံးပျော်လန်းဆန်းနှပျိုမြူးကြနေသည်ကို မြင်တွေ့လိုက်ကြရသဖြင့် ဦးရွှေမောင်နှင့် သမီးမရွှေသဇင်တို့သားအဖနှစ်ယောက်သားသဘောကျပြီး အားရဝမ်းသာပီတိဖြာလျက် ပြုံးရွှင်စွာဖြင့် ကြည့်နေလိုက်ကြပါတော့သည်။

❖ ဒေါ်ကျင်ရွှေ၏အနီး၌ နှိပ်ပေးရန်၊ ကျောကုန်းလက်ပြင်တို့ကို ဆေးလူးပေးရန် တစ်ဦးတစ်ယောက်အမြဲရှိနေရန်လိုအပ်သည်။ ယနေ့တွင် သမီးဖြစ်သူမှာ မနက်စောစောထပြီး ရန်ကုန်ဘူတာကြီး၌ ဧည့်သည်များကိုကြိုရန် သွားနေရသည်။ ပြန်မရောက်သေး။ ထိုဧည့်သည်ဆိုသည်မှာလည်း အခြားမဟုတ်။ သမီး မရွှေသဇင်၏ယောက်မ။ မရွှေသဇင့်အထက် အစ်ကိုကြီးဖြစ်သူ၏မိန်းမ။ ကလေးတစ်ယောက်မိခင်။ ကလေးငယ်မှာ တစ်နှစ်သားအရွယ်ယောက်ျားလေး။ ရန်ကုန်မြို့သို့ အလုပ်ကိစ္စဖြင့် နေပြည်တော်မှ ခေတ္တလာရောက်ခြင်းဖြစ်သည်။ ❖

# ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် နွေစပါး ၁၉၅၄ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၉၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၉၅၄ ဧကကို ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခုနှစ် နွေစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငွေဆောင်မြို့မှာ နွေစပါး ၁၉၅၄ ဧကကို စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ၊ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ နွေစပါးလျာထားချက်အတိုင်း အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရာသီဖြစ်လို့ စိုက်ပျိုးရေးရရှိရေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့လဲ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ အထွက်နှုန်းကောင်းစေဖို့ နည်းပညာနဲ့ အသိပညာပေးလုပ်ငန်းတွေကို ပြုလုပ်ပေးတဲ့အပြင် စပါးမျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ တောင်သူတွေအနေနဲ့ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့က အရေးကြီးပါတယ်"ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ငွေဆောင်မြို့၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာတွင် ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျားစသည့် စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးထားပြီး အဆိုပါစိုက်ပျိုးထားသည့် နွေစပါးများ အထွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာမည့်စပါးများ အရည်အသွေးကောင်းစေရန်၊ စပါးတစ်ကေချင်းအလိုက် အထွက်ညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်စသည့် လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မဲမြို့နယ် ကုန်းကော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်မဲ မတ် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကုန်းကော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကုန်းကော်ကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ကုန်းကော်ကျေးရွာ၌ လမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ကျပ်သိန်း ၁၇၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကုန်းကော်ကျေးရွာရှိ အိမ်ခြေ ၁၄၀၊ လူ ၆၀၈ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုးညိုမြို့နယ်၌ ပြုပြင်လည်ပတ်ထိန်းသိမ်းနည်းသင်တန်းပို့ချ

**မိုးညို မတ် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကုန်ထုတ်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ပြုပြင်လည်ပတ်ထိန်းသိမ်းနည်းသင်တန်းပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများအပါအဝင် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းရေရှည်တည်တံ့ကောင်းမွန်အောင် ကျေးရွာကော်မတီဝင်များက ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းနှင့် ယခုပို့ချမည့်ပြုပြင်လည်ပတ်ထိန်းသိမ်းနည်းလုပ်ငန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျေးရွာကော်မတီဝင်များအနေဖြင့် ဂရုတစိုက် သင်ယူရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်ခန်းစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြုပြင်လည်ပတ်ထိန်းသိမ်းနည်းသင်တန်းသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးညိုမြို့နယ်အတွင်း ကုန်ထုတ်လမ်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခဲ့သောကျေးရွာလေးရွာမှ ကျေးရွာကော်မတီဝင် ၁၂ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ပြုပြင်လည်ပတ်ထိန်းသိမ်းနည်းသင်တန်းနှင့်ပတ်သက်သည့်သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်ကြာ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သုတ**

## ထင်းစည်းပမာ

\- ထင်းစည်း ဥပမာ
ပေးခဲ့တာ သတိရ၊
တို့တစ်တွေ တစ်သက်မခွဲ
ယှဉ်တွဲနေကြ။

\- သားတွေကို အဘိုးအိုက
ပြခဲ့တဲ့ သင်ခန်းစာ
သိရှိစေရာ၊
တစ်ချောင်းချင်း ချိုးသောအခါ
ကျိုးခဲ့တာ တွေ့ရှိသွား၊
ဤသို့လျှင် မကျင့်သုံးဖို့
ဆုံးမလို့ထား။

\- စည်းလုံးခြင်းသည် အင်အားဖြစ်လို့
ချစ်သားတို့ သိစေချင်၊
ထင်းစည်းကို ကိုယ်တိုင်ချိုး
မကျိုးတာမြင်၊
စုပေါင်းလို့ နေပါလျှင်
ရန်သူပင် ရှောင်ဖယ်ပြေး၊
အမိမြေ တိုးတက်ဖို့တွက်
ရှေ့ဆက်စို့လေး။ ။

**ဖိုးပြည့်(ပတ္တမြား)**

# မင်းဘူးမြို့နယ် ချင်းကုန်း(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ချင်းကုန်း(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချင်းကုန်း(မ)ကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ချင်းကုန်း(မ)ကျေးရွာ၌ လမ်းအရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဇင်မာ**

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်တွင်းသကြားဈေးနှုန်းမြင့်တက်လာသဖြင့် ကြံဈေးနှုန်းများ တိုးမြှင့်ဝယ်ယူလာ



**ရန်ကုန် မတ် ၅**

နိုင်ငံတကာ သကြားဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာပြီး ပြည်တွင်း သကြားဈေးနှုန်းများ လိုက်ပါ မြင့်တက်လာသဖြင့် သကြားစက်များက ကြံဈေးနှုန်းများကို တိုးမြှင့်ဝယ်ယူလာကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

နိုင်ငံတကာ သကြားဈေးကွက် သကြားဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်သာ ပေါက်ဈေးရှိနေခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဈေးနှုန်းများမြင့်တက်လာခဲ့ရာ ဖေဖော်ဝါရီလတွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၀ ထိ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်းသကြား ဈေးကွက်များတွင်လည်း ဈေးနှုန်းများ လိုက်ပါမြင့်တက်လာခဲ့ရာ ယခင်က သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ကျော်ထိ ဈေးနှုန်းမြင့်တက်လာခဲ့သည်။

ပြည်တွင်းသကြားဈေးနှုန်းများ မြင့်တက်လာခဲ့ရခြင်းမှာ နိုင်ငံတကာ သကြားဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဖြစ်သကဲ့သို့ ယခုနှစ်တွင် ပြည်တွင်းကြံအထွက်နှုန်းနည်းပါးနေခြင်း၊ ပြည်တွင်းသကြားလက်ကျန်နည်းပါးနေခြင်းနှင့်ပြည်ပမှ သကြားဝင်ရောက်မှု မရှိခြင်း စသည့်အကြောင်းများလည်း ပါဝင်သည်ဟုဆိုသည်။ ထို့ကြောင့် ပြည်တွင်းရှိ သကြားစက်များကလည်း သက်ဆိုင်ရာဒေသများအလိုက် ကြံဈေးနှုန်းများကို တိုးမြှင့်ဝယ်ယူလာခဲ့ကြသည်။

ယခုနှစ် ကြံရာသီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် မိုင်းရယ်မြို့နယ်ရှိ မိုင်းရယ်သကြားစက်နှင့်ငွေရည်ပုလဲ သကြားစက်တို့က ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကြံတစ်တန် ငွေကျပ် ၈၀၀၀၀ ဖြင့် ဝယ်ယူခဲ့ရာမှ စက်တင်ဘာလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ ထိ တိုးမြှင့်ဝယ်ယူပေးခဲ့ပြီး ယခုမတ်လတွင် ကြံတစ်တန်လျှင်ငွေကျပ် ၉၅၀၀၀ ထိ တိုးမြှင့်ဝယ်ယူပေးခဲ့ကြောင်း၊ ပြည်တွင်းရှိအချို့သော သကြားစက်များက ကြံတစ်တန်လျှင် ငွေကျပ် ၁၀၀၀၀၀ ထိ တိုးမြှင့်ဝယ်ယူမှုများ ရှိလာကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် တစ်နှစ်လျှင် သကြားတန်ချိန် ၅၀၀၀၀၀ ခန့်ထိ ထွက်ရှိကာ တန်ချိန် ၄၅၀၀၀၀ ခန့်ကို ပြည်တွင်း၌ စားသုံးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင်စတင်ပြီး ဧပြီလဆန်းပိုင်းတွင်ကုန်ဆုံးလေ့ရှိသဖြင့် ကြံရာသီကုန်ဆုံးချိန် နီးကပ်လာချိန်တွင် ကြံဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၃၃၆)

## ညောင်လေးပင်မြို့နယ် ချုံအင်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် မတ် ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချုံအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာအဝင်နှင့် ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ချုံအင်းကျေးရွာ၌ကျေးရွာအဝင်နှင့် ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချုံအင်းကျေးရွာ၌ အရှည်ပေ ၃၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မ ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၂၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ပြောပြသည်။

အဆိုပါ ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ချုံအင်းကျေးရွာနေ ပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

# ဗာနေတူနိုင်ငံတွင် ဝင်ရောက်တိုက်ခတ်သည့် ကီဗင်မုန်တိုင်းပြင်းအားများသောကြောင့် မုန်တိုင်းအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



**ပို့ဗီလာ မတ် ၅**

ကီဗင်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် မတ် ၄ ရက်က ဗာနေတူနိုင်ငံတွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပြင်းအားများသောကြောင့် မုန်တိုင်းအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ဗာနေတူနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NZ Radio သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သောမတ် ၁ ရက်ကလည်း ဂျူဒီဟုအမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် ဗာနေတူနိုင်ငံ ပေါ့သ်ဗီလာသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသလို လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ကီဗင်ဆိုင်ကလုန်းမုန်တိုင်းသည်လည်း အားကောင်းခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရဖွယ်ရှိနေကြောင်း၊ ဗာနူအာတူဝန်ကြီးချုပ် အစ်ရှ်မဲလ် ကယ်လ်ဆက်ကာက ကီဗင်ဆိုင်ကလုန်းမုန်တိုင်းကို နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားပြီဖြစ်၍ မုန်တိုင်းအခြေအနေတည်ငြိမ်သွားပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကီဗင်ဆိုင်ကလုန်းမုန်တိုင်းဟာ မတ် ၄ ရက်က ပေါ့သ်ဗီလာဆိပ်ကမ်းမြို့ကို တိုက်ခတ်သွားခဲ့ပါတယ်။ ပေါ့သ်ဗီလာကနေတစ်ဆင့် တာဖီယာစီရင်စုကို ဦးတည်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဟာ လာမဲ့ ၂၄ နာရီအတွင်း ဗာနူအာတူနိုင်ငံအရှေ့တောင်ဘက်ပိုင်းကို တိုက်ခတ်သွားဖွယ်ရှိနေပါတယ်"ဟု ဗာနေတူနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**နိုင်းဆက်**

# နယူးဇီလန်နိုင်ငံ ကာမာဒက်ကျွန်းတွင် ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**ဝယ်လင်တန် မတ် ၅**

နယူးဇီလန်နိုင်ငံ ကာမာဒက်ကျွန်းတွင် မတ် ၄ ရက်က ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု News Hub သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဝန်ကာရီဒေသအနီးတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၂၁၄ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိဟု နယူးဇီလန်ဘူမိရူပဗေဒအဖွဲ့အစည်းဖြစ်သည့် GeoNet က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မတ် ၄ ညပိုင်း ၇ နာရီ ၄၁ မိနစ်လောက်မှာ ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ပြင်းအားများခဲ့ပေမဲ့လဲ မြေအောက်အနက် ၂၁၄ ကီလိုမီတာအကွာကနေ ဗဟိုပြုလာခဲ့တဲ့အတွက် ပျက်စီးမှုမရှိလောက်ပါဘူး။ မြေငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြသည်။

မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို ကြီးကြီးမားမားပျက်စီးမှုမျိုးလည်း မရှိခဲ့ဟု နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့ကြောင်း၊ မြေငလျင်လှိုင်းသည် မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ဧရိယာမှ နီးကပ်သည့်ဧရိယာများသို့ ရောက်ရှိခဲ့ပြီး မြေငလျင်လှိုင်းဒဏ်သင့်ခဲ့သည့် ဒေသခံဦးရေ ၅၀၀ ထက်မနည်းရှိခဲ့ကြောင်း၊ မြေငလျင်လှိုင်းရောက်ရှိခဲ့သောဧရိယာများမှာ နယူးဇီလန်အရှေ့ဘက်ကမ်းခြေ ဒေသများနှင့် မြောက်ကျွန်းရှိဒေသများဖြစ်သည်ဟု GeoNet က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# တရုတ်နိုင်ငံက ငါးနှစ်တာကာလအတွင်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ခဲ့

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို အားကောင်းစေမည့် ကာဗွန်ထုတ်လွှတ်မှုကို ငါးနှစ်တာကာလအတွင်း လျှော့ချနိုင်ခဲ့ကြောင်း ယနေ့ အမျိုးသားလွှတ်တော်သို့ တင်သွင်းမည့် အစိုးရ၏ အစီရင်ခံစာတစ်စောင်အရ သိရကြောင်း China Daily သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှုကို တားဆီးထိန်းချုပ်ရန် ကြိုးပမ်းခဲ့ပြီး ပြည်နယ်များအတွင်း လေထုအရည်အသွေးသည် လွန်ခဲ့သော ငါးနှစ်ကထက် လေးရာခိုင်နှုန်း ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်နယ်များအတွင်း ရေထုညစ်ညမ်းပြီး အနံ့ဆိုးထွက်နိုင်သောလုပ်ငန်းများ၊ ရေမြောင်းများကို ရှင်းလင်းခြင်း၊ မြေဆီလွှာညစ်ညမ်းမှုအန္တရာယ်များကို တားဆီးထိန်းချုပ်ခြင်းနှင့် မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများကိုလည်း အရှိန်မြှင့်လုပ်ဆောင်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



နိုင်ငံတစ်ဝန်းရှိ ဂေဟစနစ်ဆိုင်ရာစီမံကိန်းများကို လွန်ခဲ့သော ငါးနှစ်မှ စတင်လုပ်ဆောင်ခဲ့ပြီး မြစ်များ၊ သစ်တောများထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာဌာနများ သီးခြားဖွင့်လှစ်ဆောင်ရွက်ခဲ့ကာ ယန်ဇီမြစ်ဝှမ်းတွင် ငါးဖမ်းခြင်းကို ၁၀ နှစ်ကြာ ပိတ်ပင်တားမြစ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်ထိန်းသိမ်းရေးနှင့် ကာဗွန်လျှော့ချရေးတွင် တည်ငြိမ်သောတိုးတက်မှုများရရှိခဲ့ပြီး နိုင်ငံအတွင်း သန့်ရှင်းသောစွမ်းအင်သုံးစွဲမှုကို ၂၅ ရာခိုင်နှုန်းထိသုံးစွဲလျက်ရှိသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။ AZH

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ဒီရေတောစိုက်ခင်း ဧက ၂၅၅၀ စိုက်ပျိုးမည်

**နေပြည်တော် မတ် ၅**

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ဒီရေတောစိုက်ခင်း ဧက ၂၅၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးမြင့်စိန်ထံမှ သိရသည်။

ထိုသို့ ဒီရေတောစိုက်ခင်းများ ဖြည့်စွက်စိုက်ပျိုးခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဇွန်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးရှိ အောင်ဘာဒီရေတောကြိုးဝိုင်းကာကွယ်တော၊ ဧရာဝတီတိုင်းဒေသကြီး ကဒုံကနီကြိုးဝိုင်းမှ ဒီရေတောများနှင့် ကြာကန်ကွင်း၊ ကြာကွန်ကွင်းပေါက်၊ ပြင်အလန်း စသည့်ကြိုးဝိုင်း ဒီရေတောများအပါအဝင် ရခိုင်ပြည်နယ် ကျောက်ဖြူ ရမ်းဗြဲ၊ ဝမ်းပိုက်ကြိုးဝိုင်းမှ ဒီရေတောများတွင် ဖြည့်စွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးကာကွယ်ရေးမှာ အရေးပါတဲ့ ဒီရေတောတွေကို အခုလာမဲ့မိုးကာလမှာ ဧက ၂၅၅၀ စိုက်ပျိုးသွားဖို့ရှိပါတယ်။ လာမဲ့ ဇွန်လမှာ စတင်စိုက်ပျိုးမှာဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေမှာ စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီရေတောတွေကို စိုက်ပျိုးတာဟာ မုန်တိုင်းဒဏ်ခံနိုင်စေဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် စိုက်ပျိုးမဲ့အမျိုးအစားတွေကတော့ ကနစို၊ လမု၊ လမဲ့၊ သစ်ရာ၊ ပင်လယ်အုန်း၊ ဖြူးရွှေဝါ၊ ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်အဖိုနဲ့ အမ စတဲ့ ဒီရေတောသစ်မျိုးဝင်အပင်တွေကို စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်"ဟု သစ်တောဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးမြင့်စိန်က ပြောပြသည်။

ဒီရေတောမျိုးစိတ်များ သဘာဝအတိုင်း ရှင်သန်စေရန်နှင့် ဂေဟစနစ်ကောင်းမွန်စေရန်တို့အပြင် အနီးဝန်းကျင်ရှိ ဒေသခံများအနေဖြင့်လည်း ဒီရေတောများကို ထိန်းသိမ်း စောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ ASH

# ဆီလန်ဂေါ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၄၀၀၀၀ ကျော်ရှိ

**ကွာလာလမ်ပူ မတ် ၅**

မလေးရှားနိုင်ငံ ဆီလန်ဂေါ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၄၀၀၀၀ ကျော်ရှိလာကြောင်း ဆီလန်ဂေါ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Malay Mail သတင်းဌာနက မတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံတွင် ပြီးခဲ့သော ဖေဖော်ဝါရီလကတည်းက ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပြည်နယ် ငါးပြည်နယ်ရှိခဲ့ကာ မတ်လအတွင်း ဆီလန်ဂေါ်ပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွားလာသည့်အတွက် မလေးရှားနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ပြည်နယ်ပေါင်း ခြောက်ပြည်နယ်ထိရှိလာခဲ့ပြီဖြစ်ကြောင်း၊ မလေးရှားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ရေဘေးအန္တရာယ်ကြောင့် ခရိုင်ပေါင်း ကိုးခရိုင်တွင် ကယ်ဆယ်ရေးစခန်း ၂၃၈ ခုထိ ဖွင့်လှစ်ပေးထားသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ပြည်နယ်ခြောက်ပြည်နယ်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားနေပါတယ်။ ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ မိသားစုတွေကတော့ ဆီဂါမတ်ပြည်နယ်မှာ မိသားစု ၃၉၂၁ စု၊ ဘာဟူပါဟက်ပြည်နယ်မှာ မိသားစု ၂၁၃၆ စု၊ ကလူအန်ပြည်နယ်မှာ မိသားစု ၁၅၁၄ စု၊ ကိုတာတန်ဂီပြည်နယ်မှာ မိသားစု ၈၈၂ စု ထိရှိနေပြီးတော့ ဂျိုဟိုးပြည်နယ်မှာ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၃၇၃၂၂ ယောက်၊ ဆီလန်ဂေါ်ပြည်နယ်မှာ အယောက် ၄၀၀၀၀ ကျော်ထိ ရှိနေပါတယ်။ ဆီလန်ဂေါ်ပြည်နယ်ကတော့ နောက်ဆုံးရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် ခရိုင်ကိုးခရိုင်မှာ ကယ်ဆယ်ရေးစခန်း ၂၃၈ ခု ဖွင့်လှစ်ပေးထားပါတယ်"ဟု မလေးရှားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ပြည်နယ်များမှာ ဂျိုဟိုးပြည်နယ်၊ ဆီဂါမတ်ပြည်နယ်၊ ဘာဟူပါဟက်ပြည်နယ်၊ ကလူအန်ပြည်နယ်၊ ကိုတာတန်ဂီပြည်နယ်နှင့် ဆီလန်ဂေါ်ပြည်နယ်တို့ဖြစ်သည်ဟု မလေးရှား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၃ | ၃ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှဲမြဲစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၈၉ ခန်း | ၃၆၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေ[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၂ စုံ | ၃၄၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ဆီအုန်းခြံများမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထွက်ရှိမည့်ဆီသီးခိုင်များ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချပေးသွားမည်



**နေပြည်တော် မတ် ၅**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ဆီအုန်းခြံများမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးထွက်ရှိလာမည့် ဆီသီးခိုင်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲသည် မြန်မာနိုင်ငံ၏ စားသုံးဆီလိုအပ်နေမှုအပေါ် အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆီအုန်းခြံများ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် ညောင်ပင်ကွင်းဆီအုန်းခြံ၊ ကော့သောင်းခရိုင်တွင် မလိဝမ်းဆီအုန်းခြံ၊ အောကြီးဆီအုန်းခြံ၊ ဟတ်စဒင်းရေတံခွန်ဆီအုန်းခြံများနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အင်ဘိုဆီအုန်းခြံ၊ စိန်ကလဲ့ဆီအုန်းခြံများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆိုပါဆီအုန်းခြံများမှ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အတွင်း ထွက်ရှိလာမည့် ဆီသီးခိုင်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချပေးရန် စီစဉ်ထားကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း အဆိုပါဆီအုန်းခြံများမှ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အတွင်း ထွက်ရှိလာသည့် ဆီသီးခိုင်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုသူများအနေဖြင့် ယခုနှစ် မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားကာ နှစ်ရှည်သီးနှံဌာနခွဲ ရုံးအမှတ်(၅၀) နေပြည်တော်သို့ ဆန္ဒပြုလွှာများ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ အဓိကစိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆီအုန်းကို နိုင်ငံတကာတွင် စားသုံးဆီအပြင် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းမျိုးစုံနှင့် ရေခဲမုန့်ကဲ့သို့ စားသုံးကုန်အမျိုးပေါင်း ၁၀၀၀ ကျော်တွင် အသုံးပြုနေကြသဖြင့် ဈေးကွက်အလားအလာကောင်းနေသည့် စိုက်ပျိုးသီးနှံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်တွင် ဆီအုန်းစိုက်ဧက ၅၀၀၀၀ ထိ စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ထားဝယ်နှင့် ကော့သောင်းမြို့နယ်များတွင် စိုက်ပျိုးဧက ၁၀ သိန်းထိ စိုက်ပျိုးနိုင်ရေးအတွက် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီနှင့် ရာနှုန်းပြည့် နိုင်ငံခြားသားကုမ္ပဏီ စုစုပေါင်းကုမ္ပဏီ ၄၄ ခုကို ချထားပေးခဲ့ကြောင်း သိရသည်။

SKL

# သံတောင်ကြီးမြို့နယ်တွင် VRFP စီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**သံတောင်ကြီး မတ် ၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာခုနစ်ရွာမှ ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို ယနေ့ နံနက် ၁၁ နာရီက ငှက်ပျောတော(အောက်)ကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းနှင့်ပတ်သက်သော ငွေစာရင်းပုံစံများ၊ ငွေစာရင်းဖြည့်သွင်းခြင်းနှင့် ထိန်းသိမ်းနည်းလမ်းများ၊ ဆင်းရဲမှုလျှော့ချရေးအတွက် အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအသိပညာပေး သင်ခန်းစာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ ရပိုင်ခွင့်နှင့်တာဝန်များကို သင်ကြားပို့ချပေးသည်။

အဆိုပါကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို သံတောင်ကြီးမြို့နယ်အတွင်းရှိ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာခုနစ်ရွာမှ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၂၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ယနေ့မှ မတ် ၆ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

ခန်းမလုဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။





" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ
အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ
အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ
နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အရေးပီးကားကော်ဖီဧစ္စစစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## *Long Style Hair Saloon*

ဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း **Promotion**

ဖြောင့်
ကောက်
ဆေးဆိုး

***(30%) off***

**66 st × 38 st Corner ၊ 66 st × 67 st, 38 st Corner**
**Ph; 09-2053849**



ပျောက်ဆုံးကြောင်း

ငွေဆောင်မြို့နေ ဦးဇေယျာမြင့်(ဘ) ဦးဝင်းမြင့် (၁၄/ပသန(နိုင်)၁၄၅၇၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၅၅၇၈၆

ပျောက်ဆုံးကြောင်း

ဟင်္သာတမြို့နေ မဒွေးဒွေးသူ(ဘ) ဦးသန်းဌေး (၁၄/ဟသတ(နိုင်)၃၁၆၆၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၁၇၇၁၄၈၅

ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ မောင်ခေါင်ခေါ်သိန်း (ဘ) ဦးသိန်းအေး (၁၄/မမန(နိုင်)၂၀၀၁၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၉၄၅၆၈၆၃

ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ ဦးနိုင်နိုင်ဦး(ဘ) ဦးအောင်အောင် (၁၄/သပန(နိုင်)၁၀၃၅၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၁၁၃၆၈၃၃

ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နယ်နေ သန်းသန်းဝင်း (ဘ) ဦးငြိမ်းတင် (၁၄/လမန(နိုင်)၀၉၆၂၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ အပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၅၈၁၁၀၉၇


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# စာပေမြင့်မှ လူမျိုးတင့်မည်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့်တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်တာဝန်ရှိသူများက သစ္စာအဓိဋ္ဌာန် ရွှေစာရံ မြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓပူဇနီယပွဲတော်နှင့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၅**

မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရား အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့တွင် အဆိုပါဆုတောင်းပြည့်ရင်ပြင်တော်၌ပြုလုပ်ရာ မန္တလေးမြို့ ပတ္တမြားကျောင်းတိုက်ဆရာတော် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော် စာမျက်နှာ - ၂၁

တပေါင်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ စာမျက်နှာ - ၂

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၉ °C / | ၃၅ °C |
| ရန်ကုန် | ၂၀ °C / | ၃၆ °C |
| မန္တလေး | ၂၂ °C / | ၃၇ °C |

Internet & Mobile Banking Services
✔ Account Transfer
✔ Mobile Topup ( Phone Bill )
✔ Cardless ATM Withdrawl
✔ Remittance
✔ Credit Card Payment
✔ Tax Payment
MPU UnionPay
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
"စိတ်ချရတာ မြဝတီဘဏ်"
(24) ~ (01) 2301421, (01) 2317166
Phone No : (01) 2301367, (01) 2301368
(01) 2301452, (01) 2301378